**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၄)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၄)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**စောယုသားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၁၃-၃-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံ၏ ကျန်းမာရေးဝန်ထမ်းများ အတွက် (၉၀ x ၃၀)ပေ RC (၃)ထပ်ဝန်ထမ်းအိမ်ရာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့(၂၅)ခုတင်ဆံ့ဆေးရုံ၏ ကျန်းမာရေးဝန်ထမ်းများ အတွက် (၉၀ x ၃၀)ပေ RC (၃)ထပ်ဝန်ထမ်းအိမ်ရာကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံရဲ့ ကျန်းမာရေးဝန်ထမ်းများအတွက်

(၉၀ x ၃၀)ပေ RC (၃)ထပ် ဝန်ထမ်းအိမ်ရာကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိပဲ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံတစ်ခုအဖြစ် အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါတယ်။ နှစ်ထပ်လူနာဆောင်၊ လျှပ်စစ်ထရန်စဖော်မာ၊ ဆေးရုံဝင်း၊ အုတ်တံတိုင်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သလို ဆရာဝန်(၃)ဦးအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ဆရာဝန်(၃)ဦး အပါအဝင် (၃၇)ဦးရှိသော်လည်း အခြားအဆင့်ဝန်ထမ်း(၃၄)ဦးအတွက် ဝန်ထမ်းအိမ်ရာမရှိသဖြင့် အဆိုပါဝန်ထမ်းများမှာ အိမ်လခပေးပြီး နေထိုင်ရခြင်းတို့ကြောင့် အိမ်ငှားရမ်းခဈေးကြီးခြင်း၊ ဆေးရုံနှင့် အလှမ်းကွာဝေးသော နေရာများတွင် နေထိုင်ရခြင်းများအတွက် နေ့၊ ညလုပ်ငန်းများ တာဝန်ထမ်းဆောင်ရာမှာ အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ နိုင်ငံတော်မှ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမယ်ဆိုပါက ယခင် ဆင်ဖြူကျွန်းမြို့ပြည်သူ့ဆေးရုံဟောင်းနေရာမှာ အလျား(၄၇.၅၀)ပေ၊ အနံ(၁၁၂.၅)ပေ ဧရိယာ(၀.၁၁၈)ဧက အကျယ်ရှိတဲ့မြေ ရှိထားကြောင်း မိမိကိုယ်တိုင် သွားရောက်စစ်ဆေးချက်အရ သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံရဲ့ ကျန်းမာရေးဝန်ထမ်းများအတွက် (၉၀ x ၃၀)ပေ RC (၃)ထပ်ဝန်ထမ်းအိမ်ရာကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာ ဓာတ်ပုံအထောက်အထားများ ပူးတွဲလျက်လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့တွင် မြို့အင်္ဂါရပ်နှင့်ညီညွတ်သော စံချိန်မီဘောလုံးကွင်းတူးဖော်ပေးရန်နှင့် ၎င်းဘောလုံးကွင်း၌ (၆၀ x ၃၀)ပေရှိသော ပွဲကြည့်စင်ကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့တွင် မြို့အင်္ဂါရပ်နှင့်ညီညွတ်သော စံချိန်မီဘောလုံးကွင်းတူးဖော်ပေးရန်နှင့် ၎င်းဘောလုံးကွင်း၌ (၆၀ x ၃၀)ပေရှိသော ပွဲကြည့်စင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ လိုင်လင်းပီမြို့တွင်

မြို့အင်္ဂါရပ်နှင့်ညီညွတ်သော စံချိန်မီဘောလုံးကွင်း တူးဖော်ပေးရန်နှင့် ၎င်းဘောလုံးကွင်းတွင် (၆၀ x ၃၀)ပေရှိသော ပွဲကြည့်စင်ကို လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံတော်မှ ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။ လိုင်လင်းပီမြို့သည် အိန္ဒိယနယ်စပ်မှာတည်ရှိတဲ့ နယ်စပ်မြို့ကလေးဖြစ်ပြီး ဖွင့်လှစ်စမြို့သစ်ဖြစ်သည့်အားလျော်စွာ အခြေခံအဆောက်အအုံများလည်း အဖက်ဖက်မှ လိုအပ်လျက်ရှိပါတယ်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂(က)တွင် နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပါတယ်။ ချင်းပြည်နယ်ဟာ တောင်ကုန်း၊ တောင်တန်း အလွန်ပေါ်များပြီးတော့မှ မြေပြန့်ရှားပါးသောကြောင့် ဘောလုံးကွင်းတစ်ကွင်းစာ ရရှိရေးအတွက် စက်ယန္တရားကြီးများဖြင့် တူးဖော်မှသာ ဘောလုံးကွင်းတွေကို ရရှိနိုင်တာ ဖြစ်ပါတယ်။ လိုင်လင်းပီမြို့တွင် ဘောလုံးကွင်း တူးဖော်ပေးမည်ဆိုပါက မြေနေရာလည်း အဆင်သင့် လျာထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်သော စံချိန်မီဘောလုံးကွင်း တူးဖော်ပေးရန်နှင့် ၎င်းဘောလုံးကွင်း၌ (၆၀ x ၃၀)ပေရှိသော ပွဲကြည့်စင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သက်ဆိုင်ရာ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်းမြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်း မြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်

ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်း မြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တင်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်တို့ရှိ မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်တစ်မြို့နယ်မှာရှိရမယ့် အင်္ဂါရပ်များအရ မြို့နယ်အားကစားကွင်း ရှိရမည်ဖြစ်သော်လည်း မောက်မယ်မြို့နယ်တွင် ယနေ့အထိ အားကစားကွင်းအဖြစ် သတ်မှတ်ထား သောမြေနေရာနှင့် မြို့နယ်ဘောလုံးကွင်း မရှိသေးသဖြင့် နိုင်ငံတော် နေ့ထူးနေ့မြတ်အခမ်းအနားများ၊ အားကစားပြိုင်ပွဲများကို အထက်တန်းကျောင်းဝင်းရှိ အားကစားကွင်းတွင်သော်လည်းကောင်း၊ အခြား သင့်တော်တဲ့နေရာမှာသော်လည်းကောင်း ဆောင်ရွက်နေရပါတယ်။ လူငယ်များ အားကစားဘက်သို့ လိုက်စားစေခြင်းဖြင့် မူးယစ်ဆေးဝါး သုံးစွဲမှီဝဲခြင်းများကို ထိုက်သင့်သလောက် ကာကွယ်ပေးနိုင် မှာဖြစ်ပါတယ်။ လက်ရှိတွင် လူငယ်များ အားကစားလိုက်စားရန်အတွက် အားကစားကွင်းများ ဖော်ထုတ် တည်ဆောက်ပေးထားခြင်း မရှိသေးတဲ့အတွက် လူငယ်များအချို့ဟာ မူးယစ်ဆေးဝါးများ မှီဝဲကာ မူးယစ်ဆေးဝါးသားကောင်များအဖြစ် လူညွန့်တုံးသွားခဲ့ရသည်များလည်း ရှိခဲ့ပါတယ်။

ထို့ကြောင့် မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်း၊ မြို့နယ်ဘောလုံးကွင်းကို အချိန်မီ ဖော်ထုတ်ဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိနေပါတယ်။ မြို့နယ်အားကစားကွင်းမြေ နေရာနှင့်ပတ်သက်ပြီး ၁၉၉၀ ပြည့်နှစ်တွင် မောက်မယ်မြို့ ဆီဆုံရပ်ကွက်နှင့် မိုက်ဟုန်းရပ်ကွက်ကြား နမ်ယွန်းချောင်းတောင်ဘက် (၁၀.၈၃၂)ဧကခန့်ရှိ မြေကွက်နေရာတွင် ပြည်သူလူထုလုပ်အားဖြင့် ခုတ်ထွင်ရှင်းလင်းကာ မြို့နယ်အားကစားကွင်းအဖြစ် ဖော်ထုတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ပြုပြင်ထိန်းသိမ်း မှုမရှိခြင်း၊ လူနည်းစုမှ ရံဖန်ရံခါ အပျော်တမ်းဂေါက်သီးရိုက်ကစားနေကြခြင်းများကြောင့် လူငယ်များ အားကစားပြုလုပ်ရန် ခက်ခဲနေပါတယ်။ ဂေါက်သီးရိုက်ကစားတယ်ဆိုပေမယ့်လည်း စံချိန်မီအကွာအဝေး ရှိတဲ့ ဂေါက်ကွင်းမဟုတ်ဘဲ မြို့ထဲမှာရှိပြီး ပြည်သူများ ဖြတ်သန်းသွားလာနေသော ကွင်းပြင်တွင်သာ ဂေါက်သီးရိုက်နေခြင်းဖြစ်သဖြင့် လူသွားလူလာများအား ဂေါက်သီးထိမှန်ရမည်ကို စိုးရိမ်နေရပါတယ်။ ယခင်ကလည်း ဂေါက်သီးထိမှန် ဒဏ်ရာရခဲ့ဖူးခြင်းများလည်းရှိကြောင်း သိရှိရပါတယ်။

ထို့ကြောင့် ဂေါက်သီးရိုက်ကစားခြင်းအတွက် ဂေါက်ကွင်းကို လူသူနှင့်ဝေးသော မြို့ပြင်ဘက် သီးခြားမြေနေရာတွင်သာ ဖော်ထုတ်ပေးသင့်ပါတယ်။ ထို့ကြောင့် မောက်မယ်မြို့ ဆီဆုံရပ်ကွက်နှင့် မိုက်ဟုန်းရပ်ကွက်ကြား နမ်ယွန်းချောင်းတောင်ဘက်(၁၀.၈၃၂)ဧကရှိ ကွင်းပြင်နေရာသည် မြို့နယ် အားကစားကွင်းမြေနေရာ သတ်မှတ်ပေးရန် အသင့်တော်ဆုံးနေရာ ဖြစ်ပါတယ်။ အဆိုပါ ကွင်းနေရာအား မြို့နယ်အားကစားကွင်းအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် မြို့နယ်ပြည်သူလူထု (၂၆၀)ဦးကျော်၏ သဘောထားလက်မှတ်များကိုလည်းရယူပြီး မေးခွန်းနှင့်အတူ ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မြို့နယ် အားကစားကွင်းမြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံ၏ ကျန်းမာရေးဝန်ထမ်းများအတွက် ပေ(၉၀ x ၃၀ )RC သုံးထပ် ဝန်ထမ်းအိမ်ရာကို ယခင် ဆင်ဖြူကျွန်းမြို့နယ်၊ ပြည်သူ့ဆေးရုံဟောင်းနေရာ၌ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ထမ်းအိမ်ရာများအား ဦးစားပေးဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း၌ အိမ်ခန်းပေါင်း(၄၀၇)ခန်း ဆောက်လုပ်ပေးနိုင်ရန် ရန်ပုံငွေ ကျပ်(၅၂၂၀)သန်းအား ခွင့်ပြုပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံတွင် တိုးချဲ့နှစ်ထပ်ဆောင်၊ လူနာဆောင်၊ ဆေးရုံအုပ်နေအိမ်နှင့် လက်ထောက်ဆရာဝန်နေအိမ်တို့ကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၂ - ၁၂ - ၂၀၁၇ ရက်နေ့တွင် လွှဲပြောင်းလက်ခံခဲ့ပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ယခင် ဆင်ဖြူကျွန်းမြို့၊ ပြည်သူ့ဆေးရုံဟောင်းနေရာသည် ကျန်းမာရေးဦးစီးဌာနမြေနေရာဖြစ်၍ အဆိုပါမြေနေရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များလုပ်ဆောင်ရန် လိုအပ်ခြင်းနှင့် ကုသရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်စေရေးအတွက် ရည်ရွယ်ထားပါသဖြင့် ဝန်ထမ်းအိမ်ရာကို မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ (၂၅)ခုတင်ဆံ့ဆေးရုံမြေနေရာအတွင်းမှာပင် (၄)ခန်းတွဲ သုံးထပ်အိမ်ရာ ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ကုသရေးဦးစီးဌာန၏ စီမံကိန်းလျာထားချက်တွင် တင်ပြတောင်းခံထားပေးပြီး ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းတစ်ခုဖြစ်တဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့တွင် မြို့အင်္ဂါရပ်နှင့်ညီညွတ်သော စံချိန်မီဘောလုံးကွင်း တူးဖော်ပေးရန်နှင့် ၎င်းဘောလုံးကွင်း၌ (၆၀ x ၃၀)ပေရှိသောပွဲကြည့်စင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ်၏ အားကစား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းကို ဟားခါးမြို့တွင် တည်ဆောက်ဖွင့်လှစ်နိုင်ရေး အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ကျပ်သန်း(၂၀၀၀)ဖြင့်လည်းကောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း(၃၅၀၀)ဖြင့်လည်းကောင်း လျာထားတင်ပြ ဆောင်ရွက် ထားရှိပါတယ်။ ထို့အပြင် မတူပီမြို့နယ်၌ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဖွင့်လှစ်နိုင်ရေး အတွက် ခရိုင်မှူးရုံးနှင့် အိမ်တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်း ပြည်နယ် အစိုးရအဖွဲ့ဘတ်ဂျက်တွင် ကျပ်သန်း(၈၀)ဖြင့် လျာထားတင်ပြထားရှိပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့ နယ်၊ လိုင်လင်းပီမြို့တို့တွင် စံချိန်မီ ဘောလုံးကွင်းတူးဖော်ရန်နှင့် ဧင်းဘောလုံးကွင်း၌ (၆၀ x ၃၀)ပေ ရှိသော ပွဲကြည့်စင်တည်ဆောက်ရန်ကိစ္စနဲ့ပတ်သက်၍ မတူပီမြို့နယ် အားကစားမှူးနှင့် ကွင်း ကြီးကြပ်ရေးတို့သည် ၁၀ - ၂ - ၂၀၁၉ ရက်နေ့တွင် လိုင်လင်းပီမြို့သို့ သွားရောက်ခဲ့ပြီး လိုင်လင်းပီမြို့ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့်အတူ အမှတ်(၁) ရပ်ကွက် မြို့နေလူထု၏ အစီအစဉ်ဖြင့် ဖောက်လုပ်လျက်ရှိသော (၄၀၀ x ၂၅၀)ပေရှိသည့် မီတာ (၄၀၀) ပြေးလမ်း(၅)လမ်းပါ စံချိန်မီဘောလုံးကွင်းနှင့် (၇၂ x ၂၂)ပေရှိသော ပွဲကြည့်စင် တည်ဆောက် နေမှုအား သွားရောက်ကြည့်ရှုခဲ့ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ချင်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အနေဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် အတွင်းများတွင် ကွင်းရုံများ အသစ်တည်ဆောက်ပေးရေး၊ မွမ်းမံပြုပြင်ရေးလုပ်ငန်းများကို ဦးစားပေး မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်များအလိုက် ခွဲခြားဆောင်ရွက်ပြီးတော့ လုပ်ငန်းစဉ်များကို ပီပြင်အောင် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်ရှင်။

မြို့နယ်ခွဲတစ်ခုဖြစ်တဲ့ လိုင်လင်းပီမြို့တွင် မြို့နေလူထု၏ အစီအစဉ်ဖြင့် (၄၀၀ x ၂၅၀)ပေ ရှိသော မီတာ(၄၀၀)ပြေးလမ်း (၅)လမ်းပါ စံချိန်မီဘောလုံးကွင်းနှင့် (၇၂ x ၂၂)ပေရှိသော ပွဲကြည့်စင် တို့အား ဖောက်လုပ်တည်ဆောက်လျက်ရှိကြောင်းကို တွေ့ရှိရပါသဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် တည်ဆောက်ပေးရန်အတွက် လျာထားတင်ထားခြင်း မရှိသေးပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် အစိုးရအဖွဲ့၊ ချင်းပြည်နယ် အားကစားနှင့်ကာယပညာ အဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်၍ လိုအပ်သည့် အကူအညီများကို ပေးသွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်းမြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ် ဘောလုံးကွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်၍ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့တွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ Mini Budget မှ ခွင့်ပြုရန်ပုံငွေကျပ် သိန်း(၂၀၀)ဖြင့် မောက်မယ် အခြေခံပညာ

အထက်တန်းကျောင်း ဘောလုံးကွင်းဖောက်လုပ်ခြင်း၊ ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် Goal Score Board များ တည်ဆောက်ခြင်းလုပ်ငန်းများအား ၁၄ - ၉ - ၂၀၁၈ ရက်နေ့တွင် တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အဆိုပါ မောက်မယ် အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းတွင် ကျောင်းအခြေပြု ဘောလုံးပွဲများ၊ ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေကျပ်(၃၅၇) သိန်းဖြင့် မောက်မယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် အားကစားမှူးနေအိမ်တို့ တည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများအား အမြန်ဆုံး စတင်ဆောင်ရွက်လျက်ရှိနေပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်၊ မောက်မယ် မြို့တွင် မြို့နယ်အားကစားကွင်း မြေနေရာသတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်း တည်ဆောက်ပေးရန်ကိစ္စနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက်ရှိ မြေလွတ်၊ မြေရိုင်း (၆.၆၄၉)ဧကအား မြို့နယ်အားကစားကွင်း၊ ဘောလုံးကွင်းအဖြစ် အသုံးပြုနိုင်ရန် လျာထားသတ်မှတ် တိုင်းတာပြီး မြေအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးအတွက် မောက်မယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၄ - ၅ - ၂၀၁၈ ရက်စွဲပါ စာအမှတ်(၁၀၀၁/ရုံးမြေ/၂၀၁၈)ဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ နေပြည်တော်သို့ တင်ပြလျှောက်ထားပြီး ဖြစ်ပါသည်။ ဦးစီးဌာနပိုင် မြေနေရာရရှိမှသာ မောက်မယ် မြို့နယ်အားကစားကွင်းနှင့် ဘောလုံးကွင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကို ရှမ်းပြည်နယ်အစိုးရ၏ ၁၃ - ၂ - ၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၁၈၇၃)/၈-၃၄၀/ အစရ(ရှမ်း)ဖြင့် ပေးပို့တင်ပြလာခြင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်အတွင်းရှိ အချို့သော ရေလုပ်ငန်းရှင်များသည် စစ်တောင်းမြစ်ဝနှင့် မုတ္တမ ပင်လယ်ကွေ့ရေပြင်၌ သံဇကာပိုက်ခေါ် တစ်လက်မအောက် ငါးဖမ်းပိုက်စိပ်များဖြင့် ငါးများကို ဖမ်းဆီးနေသဖြင့် ရေသယံဇာတငါးမျိုးများ မျိုးတုံးပျောက်ကွယ်တော့မည့်ကိစ္စကို စီမံချက်ဖြင့် အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ သထုံခရိုင်အတွင်းရှိ အချို့သော ရေလုပ်ငန်းရှင်များသည် စစ်တောင်းမြစ်ဝနှင့် မုတ္တမ

ပင်လယ်ကွေ့ရေပြင်၌ သံဇကာပိုက်ခေါ် တစ်လက်မအောက် ငါးဖမ်းပိုက်စိပ်များဖြင့် ငါးများကို ဖမ်းဆီးနေသဖြင့် ရေသယံဇာတငါးမျိုးများ မျိုးတုံးပျောက်ကွယ်တော့မည့်ကိစ္စကို စီမံချက်ဖြင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ သထုံခရိုင်အတွင်းမှာရှိတဲ့ အချို့သော ရေလုပ်ငန်းရှင်များသည် စစ်တောင်းမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့ရေပြင်မှာ သံဇကာပိုက်ခေါ် တစ်လက်မအောက် ပိုက်စိပ်များဖြင့် ငါးများဖမ်းဆီးနေတဲ့အတွက် ရေသယံဇာတငါးမျိုးများ မျိုးတုံးပျောက်ကွယ်တော့မည့်ကိစ္စကို အရေးယူရန် စီမံချက်ချမှတ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

သထုံခရိုင်အတွင်းရှိတဲ့ ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့များမှာရှိတဲ့ ရေလုပ်ငန်းရှင်တချို့ဟာ မုတ္တမပင်လယ်ကွေ့နဲ့ အထူးသဖြင့် စစ်တောင်းမြစ်ဝနှင့် စစ်တောင်းမြစ်အတွင်းမှာ ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ယခင်က ပင်လယ်ငါးမျိုးစုံ၊ ရေချိုရေငန်စပ် ငါးမျိုးစုံ အထူးပေါများသော်လည်း အချို့ဝိသမလောဘသားများက သံဇကာပိုက်ခေါ် တစ်လက်မအောက် ပိုက်စိပ်များ၊ ဖော့ငါးဖမ်းပိုက်များနဲ့ ဖမ်းဆီးတာကြောင့် ရေသယံဇာတ ငါးမျိုးများ တဖြည်းဖြည်း လျော့နည်းလာလို့ ပေါင်မြို့နယ် အလှပ်ကျေးရွာမှာ အရင်ကဆိုရင် ငါးဖမ်းစက်လှေပေါင်း(၆၀၀)လောက်ရှိပေမယ့် ယနေ့ဆိုရင် ငါးဖမ်းမရတော့လို့ ရေလုပ်သားအချို့က ထိုင်းနိုင်ငံ မဟာချိုင်အထိ သွားရောက် အလုပ်လုပ်ကိုင်နေကြရပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ သံဇကာပိုက်ဖြင့် ငါးဖမ်းတာကို သိသာစေရန် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အခု မြင်ရတာကတော့ သံဇကာပိုက်လို့ခေါ်တဲ့ ငါးဖမ်းပိုက်ဖြစ်ပါတယ်။ အခု မြင်ရတာကတော့ သံဇကာပိုက်ရဲ့ တစ်လက်မမှာ အကွက်ပေါင်း (၅)ကွက်ပါနေတာကို တွေ့နိုင်ပါတယ်။ သံဇကာပိုက်တစ်ဖုံရဲ့ အလျားဟာ ရေလုပ်သားခေါ် လက်လံ(၈၀၀)ကနေပြီးတော့ (၁၂၀၀)အထိ ရှည်တာကြောင့် ပေ(၄၈၀၀)ကနေ ပေ(၇၂၀၀) တစ်မိုင်ကျော်တဲ့အထိ ရေတိမ် သောင်ခုံတွေပေါ်မှာ ငါးဖမ်းနေတာဖြစ်ပါတယ်။ မြင်နေရတဲ့ Slide မှာကတော့ ငါးဖမ်းပိုက်ချထားတာ ဖြစ်ပါတယ်။ အဲဒါ တစ်ခါ ပိုက်ရဲ့ဇောက်က (၆)ပေလောက်ရှိပြီးတော့ (၁)ပေလောက်ကို ရေထဲနစ်မြုပ်ထားပြီးတော့ ငါးဖမ်းကြပါတယ်။ Slide - 5 မှာ မြင်ရတဲ့အတိုင်း ဖြစ်ပါတယ်။ ငါးဖမ်းပိုက်လှေတစ်စီးမှာ တစ်မိုင်ကျော်လောက်ရှည်တဲ့ ငါးဖမ်းပိုက်နဲ့ဖမ်းလို့ ပိုက်လှေတစ်စီးက ဖမ်းမိတဲ့ ငါးသားပေါက်ဟာ ပိဿာချိန် (၁၅၀၀)ကနေ (၂၀၀၀)ခန့်ရှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ကျိုက်ထိုမြို့မှာပင် လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်က ငါးဖမ်းပိုက်၊ ပိုက်စိပ်နဲ့ ငါးဖမ်းပိုက်၊ ငါးဖမ်းတဲ့ပိုက်လှေပေါင်း (၃၀)ကျော်ခန့်ရှိတာကြောင့် ဖမ်းမိတဲ့ ပိဿာချိန်က တစ်ရေတစ်ရေခေါ်တဲ့ (၁၅)ရက်မှာ (၄၅၀၀၀)ခန့်လို့ ခန့်မှန်းရပါတယ်။ တရားဝင်ပိုက်

ဖြစ်တဲ့ ငါးဖမ်းတဲ့လူတွေကလည်း ငါးကြီးများ မမိတော့တဲ့အတွက် မွန်ပြည်နယ် မွေးမြူရေးနဲ့ ရေလုပ်ငန်း ဦးစီးဌာနတွေကို တိုင်ထားတာတွေရှိပါတယ်။

အခု မြင်ရတာကတော့ တစ်ဆယ်ကျပ်သားမှာ (၉၂)ကောင်လောက်ပါတဲ့ ငါးသလောက်ပေါက်များ ဖမ်းဆီးရမိထားတဲ့ ပုံများဖြစ်ပါတယ်။ Slide - 8 မှာ မြင်ရတာကတော့ သေးနုတ်လွန်းလို့ သောင်ပေါ်မှာချန်ထားခဲ့တဲ့၊ တင်ကျန်ရစ်တဲ့ တစ်ဆယ်သားမှာ အကောင်(၂၀၀)လောက်ပါတဲ့ ငါးသလောက်ပေါက်များဖြစ်ပါတယ်။ ငါးသလောက်တစ်ကောင်ဟာ (၃)လလောက် ကြီးထွားခွင့်ရမယ်ဆိုရင် တန်ဖိုးဟာ ကျပ်(၁၀၀၀၀)လောက်တန်ပါတယ်။ တစ်ပိဿာမှာ အကောင်(၉၂၀)ပဲရှိတဲ့ ငါးသားပေါက်များကတော့ ငါးပိဖြစ်သွားပြီးတော့ တစ်ပိဿာမှာ တစ်ထောင်လောက်ပဲ ရပါတယ်။ အဖက်ဖက်က နစ်နာတာကို တွေ့နိုင်ပါတယ်။ အခုတင်ပြခဲ့တဲ့အချက်များကို ကြည့်ရင် ငါးမျိုးတုံးဖို့အခြေအနေကို ခန့်မှန်းနိုင်ပါတယ်။ တိုင်လို့ဆင်းဖမ်းပေမယ့် ကြိုတင်သတင်းပေါက်ကြားမှုများကြောင့် ဖမ်းဆီးရမှုက အလွန်နည်းပါတယ်။ အခု မြင်ရတာကတော့ ဖမ်းဆီးဖို့ မွန်ပြည်နယ်မှ တာဝန်ရှိသူများ ကျိုက်ထိုမြို့နယ်ကို လာရောက်ပြီးတော့ မြို့နယ်မှ တာဝန်ရှိသူများနဲ့ ပူးပေါင်းအဖွဲ့တွေက ပင်လယ်ထဲဆင်းဖမ်းတဲ့ပုံ ဖြစ်ပါတယ်။ မိလာတဲ့ သံဇကာပိုက် အနည်းငယ်ကို မီးရှို့ဖျက်ဆီးနေတဲ့ပုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းဖမ်းတဲ့အဖွဲ့က လျှို့ဝှက်ထားရမယ့်အစား တာဝန်ရှိသူများထဲက ပေါက်ကြားလို့ ဖမ်းမမိတဲ့ကိစ္စတွေကများနေပါတယ်။ လှေတွေက စကားပြောစက်တွေနဲ့ ဒီနေ့ အလုပ်လုပ်နေတာကြောင့် သတင်းရဖို့လွယ်ပါတယ်။ သံဇကာပိုက်နဲ့ဖမ်းတာ အခုရပ်ထားကြပေမယ့် မကြာခင်မေ့လောက်ချိန်မှာ သံဇကာပိုက်နဲ့ ဆင်းဖမ်းကြဖို့ တာဆူနေကြပါတယ်။ ဒါကြောင့် ငါးသယံဇာတများ မပြုန်းတီးစေရေးအတွက် ကျွန်တော် ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သံဇကာပိုက် တစ်လက်မတွင် အကွက်ပေါင်း (၅)ကွက်ပါနေခြင်းအား တိုင်းတာသည့် မြင်ကွင်းပုံ (၃၃)



(၁)မိုင်ကျော်ခန့် သံဇကာပိုက်ချထားပြီး ငါးဖမ်းနေသည့် မြင်ကွင်းပုံ (၃၃-၁)




သံဇကာပိုက်များဖြင့် ဖမ်းဆီးရမိထားသည့် ငါးသလောက်ပေါက်များ မြင်ကွင်းပုံ (၃၃-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆတ်ချိုင်ကျေးရွာအုပ်စု၊ ဆတ်ချိုင်ကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာ (၂)ရွာတို့တွင် သန့်ရှင်းသောရေ ရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆတ်ချိုင်ကျေးရွာအုပ်စု၊ ဆတ်ချိုင်ကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာ (၂)ရွာတို့တွင် သန့်ရှင်းသောရေရရှိရေးအတွက် စိမ့်စမ်းရေ သွယ်ယူပေးရေးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဇော်တင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်တင်း ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျေးလက်ဒေသတွင် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်သည် တောတောင်သဘာဝထူထပ်စွာ ပေါက်ရောက်ပြီး သစ်ရိပ်ဝါးရိပ်များ ရာသီဥတုကို မှီဝဲပြီး တောင်ကျရေများ၊ စိမ့်ထွက်ရေများ စမ်းရေထွက်ပေါင်းများစွာ ရှိပါတယ်။ အခု ကျွန်တော် တင်ပြထားသော ဆတ်ချိုင်အုပ်စု၊ ဆတ်ချိုင်ကျေးရွာသည် အိမ်ခြေ(၉၀)ခန့်ရှိပြီး လူဦးရေ(၄၅၀)ကျော် နေထိုင်ပါသည်။ အလယ်တန်းကျောင်း(ခွဲ)ရှိပြီး ရွာသားများအားလုံး သန့်ရှင်းမှုမရှိသော ကုလက်ချောင်းရေကို သောက်သုံးလျက်ရှိပါတယ်။ လွန်ခဲ့သော(၆)နှစ်ခန့်က မြို့နယ်စည်ပင်သာယာရေးဌာနမှ စိမ့်စမ်းရေသွယ်ပေးခဲ့ပါတယ်။ ရွာသားများ၏ ပြောပြချက်အရ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုကြောင့် ကျေးရွာသို့ ရေမရောက်ရှိဘဲ ဖြစ်နေပါတယ်။ ယခုအခါ ရေပိုက်များကလည်း ပျက်စီးကုန်ပြီဖြစ်ပါတယ်။ ရွာနဲ့ရေထွက်နေရာသည် (၁)မိုင်ခွဲခန့်သာရှိပြီး အလွန်ရေထွက်ကောင်းကြောင်းလည်း ပြောပြပါတယ်။

ထို့အတူ ဆတ်ချိုင်အုပ်စု၊ ဒိုးချောင်းဝကျေးရွာသည် အိမ်ခြေ(၃၀၀)ခန့်ရှိပြီး လူဦးရေ(၁၂၀၀)ကျော်နေထိုင်ပါတယ်။ အထက်တန်းကျောင်း(ခွဲ)နှင့် ကျန်းမာရေးဌာနရှိပါတယ်။ တင်ပြပါရွာသည်လည်း သန့်ရှင်းမှုမရှိသော ကုလက်ချောင်းရေကိုသာ မှီခိုသောက်သုံးလျက်ရှိပါတယ်။ ဒိုးချောင်းဝကျေးရွာသို့ ရောက်ရှိစဉ်က ရွာသားများ၏ တင်ပြချက်အရ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ရေရရှိနိုင်သော ရွာနဲ့ (၄)မိုင်အကွာတွင် တွီလုံချောင်း ရေထွက်နေရာရှိကြောင်း တင်ပြလာပါတယ်။ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို ဝန်ကြီးဌာနအနေဖြင့် ပေးနိုင်မည်ကိုလည်း ယုံကြည်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆတ်ချိုင်အုပ်စု၊ ဆတ်ချိုင်ကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာ(၂)ရွာတွင် အများပြည်သူသောက်သုံးရန် သန့်ရှင်းသောရေ ရရှိရန်အတွက် စိမ့်စမ်းရေသွယ်ပေးရေးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားပါမယ်။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အနေနဲ့ မွန်ပြည်နယ်၊ သထုံခရိုင် အတွင်းမှာရှိတဲ့ စစ်တောင်းမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့ ရေပြင်အတွင်းမှာ ဥပဒေချိုးဖောက် ကျင့်ဝတ် ပျောက်နေတဲ့ အချို့သောရေလုပ်ငန်းရှင်များရဲ့ ငါးဖမ်းဆီးနေမှု အခြေအနေများကြောင့် ဒေသန္တရ ငါးမျိုးတွေ မျိုးတုံးပျောက်ကွယ်သွားတော့မယ့် အရေးကိစ္စနဲ့စပ်လျဉ်းပြီး အရေးယူဆောင်ရွက်သွားဖို့ အခြေအနေနဲ့ပတ်သက်တဲ့မေးခွန်း မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရ အဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး လုပ်ငန်း အဆင့်လိုက် ဆောင်ရွက်မှုအခြေအနေများကို ဦးစွာ ရှင်းလင်းဖြေကြားပါမယ်။ မွန်ပြည်နယ် ငါးလုပ်ငန်း နည်းဥပဒေ ၅၀၊ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲငယ်(၄)မှာ ပိုက်ကွက်ကြိုးတစ်လျှောက် တိုင်းတာလို့ရှိရင် အထုံး တစ်ခုနှင့်တစ်ခုအကြား တစ်လက်မအောက်လျော့တဲ့ ပိုက်များဖြင့် ဖမ်းဆီးခြင်းမပြုဖို့ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ယင်းနဲ့စပ်လျဉ်းပြီး ဥပဒေနဲ့အညီ ကြီးကြပ်ဆောင်ရွက်နေမှုအပိုင်းကို တင်ပြပါမယ်။

စစ်တောင်းမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့ရေပြင်နဲ့ ထိစပ်လျက်ရှိတဲ့ မွန်ပြည်နယ်၊ ကျိုက်ထို မြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်များမှာရှိတဲ့ ကမ်းနီးငါးဖမ်းရေပြင်တွေမှာ ငါး သယံဇာတတွေ ထိန်းသိမ်းဖို့အတွက် တစ်လက်မအောက်ပိုက်ကွက်တွေနဲ့ ငါးဖမ်းဆီးခြင်းကို ကာကွယ် တားဆီးနိုင်ဖို့ မွန်ပြည်နယ်အစိုးရအဖွဲ့ကလည်း ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး ကြီးကြပ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း ငါးသယံဇာတတွေ ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူတွေ၊ ငါးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ကျေးရွာများမှာရှိတဲ့ ရေလုပ်သားဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေ၊ မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ပညာပေးဆွေးနွေးခြင်း လုပ်ငန်းတွေကိုလည်းပဲ ပြည်နယ်ဒေသအတွင်း အခါမလပ် စီမံဆောင်ရွက်ပေးနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် ငါးလုပ်ငန်းကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ကျိုက်ထို၊ ဘီးလင်း၊ သထုံမြို့နယ်များမှာရှိတဲ့ ကမ်းနီးငါးဖမ်းလုပ်ငန်း ရေပြင်တွေမှာ သံဇကာပိုက်ခေါ် တစ်လက်မအောက် ငါးဖမ်းပိုက်တွေနဲ့ ဖမ်းဆီးနေမှုအပေါ် ကာကွယ်တားဆီးမှုအရ အရေးယူဆောင်ရွက်ရတဲ့အခြေအနေ ဖြစ်စဉ်များရှိခဲ့ပါတယ်။ အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လဆန်းပိုင်းမှာ သထုံခရိုင်အတွင်းမှာရှိတဲ့ ကျိုက်ထိုနဲ့ ဘီးလင်းမြို့နယ်အတွင်း ခရိုင်ငါးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များအနေနဲ့ ဘီးလင်းမြို့နယ် ဝင်းကကျေးရွာအုပ်စု၊ သိမ်ငူလှေဆိပ်မှ စစ်တောင်း

မြစ်ဝအထိ ကွင်းဆင်းစစ်ဆေးမှု၊ ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆောင်တဲ့ အဖွဲ့ဝင်တွေနဲ့ ကျိုက်ထိုမြို့ ကမ်းနီးငါးဖမ်းရေပြင်အတွင်း ကွင်းဆင်းစစ်ဆေးမှုများအရ ဥပဒေဖောက်ဖျက်တဲ့အတွက် သိမ်းဆည်းရမိတဲ့ သံဇကာပိုက်(၄၆)ဖုံ၊ လက်လံ(၇၉၀၀)နဲ့ ပေ(၄၉၂၀၀)ခန့်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမီးရှို့ ဖျက်ဆီးနိုင်ခဲ့ပါတယ်။

ထို့အတူပဲ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျိုက်ထို၊ ဘီးလင်းနယ်မြေ ကမ်းနီးငါးဖမ်းရေပြင်အတွင်းအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ သံဇကာပိုက်(၁)ဖုံ လက်လံ(၁၅၀)ခန့် ပေ(၉၀၀)ခန့် ဖမ်းဆီးရမှု၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း ကျိုက်ထို၊ ဘီးလင်းနယ်မြေ ကမ်းနီးငါးဖမ်းရေပြင်နဲ့ မကွေးတိုင်းဒေသကြီး၊ ဂွမြို့နယ်၊ သနပ်ပင်မြို့နယ်များမှာရှိတဲ့ ကမ်းနီးရေပြင်များအထိ ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ သံဇကာပိုက် (၉)ဖုံ၊ လက်လံ(၁၃၀၀)ခန့်၊ ပေ(၇၈၀၀)ခန့် ဖမ်းဆီးရရှိမှု၊ ကျိုက်ထိုမြို့နယ် ကြာစီအောင်ချောင်းဝ၊ ဘုံငါးဖမ်းရေပြင်မှာ တစ်လက်မအောက်ပိုက်ကွက်နဲ့ ငါးဖမ်းဆီးတဲ့အတွက် ကိုးတဲစုနှင့် ကြာစီအောင် ရေလုပ်သားအဖွဲ့မှ တစ်လက်မအောက် ဖော့ပိုက် လက်လံ(၁၂၀)ခန့်၊ ပေ(၇၂၀)ခန့် ဖမ်းဆီးရမှု၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်း ကျိုက်ထိုမြို့နယ်အတွင်းမှာ တစ်လက်မအောက် သံဇကာပိုက်တစ်ဖုံ၊ လက်လံ(၄၀၀)ခန့်၊ ပေ(၂၄၀၀)ခန့်တို့ ဖမ်းဆီးရရှိမှုတို့ ရှိခဲ့တဲ့အလျောက် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးတော့ မီးရှို့ဖျက်ဆီးဆောင်ရွက်ခဲ့မှုများရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မွန်ပြည်နယ်၊ ငါးလုပ်ငန်း ဥပဒေအခန်း(၁၂)၊ ပြစ်မှုပြစ်ဒဏ်၊ ပုဒ်မ ၅၃ မှာ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စီရင်ခြင်း ခံရမယ်ဆိုရင် ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် (၃၀၀၀၀၀)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်တဲ့အတွက် ဖမ်းဆီးရမိမှုများအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့အစီအမံဖြင့် ဥပဒေအရ အရေးယူနိုင်ရေးကို တင်းကြပ်စွာ စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်အတွင်း မြစ်ဝနဲ့ ပင်လယ်ကွေ့ရေပြင်တွေမှာ တရားမဝင် တစ်လက်မအောက်သံဇကာပိုက်များနဲ့ ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ပြည်နယ် ငါးလုပ်ငန်းကော်မတီမှ ဖွဲ့စည်းပေးထားတဲ့ ငါးလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များနဲ့ တစ်လ(၂)ကြိမ် စဉ်ဆက်မပြတ် ကွင်းဆင်းထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တစ်လက်မအောက် ငါးဖမ်းပိုက်စိပ်များဖြင့် ဥပဒေဖောက်ဖျက်ပြီး ဖမ်းဆီးမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ပေါင်းစပ် ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိဖို့အတွက် ကျေးလက်

ရေရရှိရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာမှာ ချင်းပြည်နယ်အတွင်း လက်ရှိ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ မူလခွင့်ပြုငွေ ကျပ်(၈၂၂)သန်းကျော်နဲ့ ကျေးရွာပေါင်း(၂၄)ရွာမှာ ရေရရှိရေးလုပ်ငန်း(၂၄)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပလက်ဝမြို့နယ်အတွင်း ၂၀၁၈ - ၂၀၁၉ ယခု ဘဏ္ဍာရေးနှစ်မှာ မူလခွင့်ပြုရန်ပုံငွေ ကျပ် (၅၃.၇၇)သန်းနဲ့ ကျေးရွာ(၂)ရွာမှာ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းနှစ်ခု၊ မွမ်းမံရန်ပုံငွေ ကျပ်(၆)သန်းနှင့် ကျေးရွာတစ်ရွာမှာ အခြားရေရရှိမှုလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ပလက်ဝမြို့နယ် ဆတ်ချိုင်ကျေးရွာဟာဆိုရင် အိမ်ခြေ(၈၇)အိမ်၊ လူဦးရေ(၄၃၂)ဦးရှိပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းကို (၃)မိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ၂၀၁၅ ခုနှစ်၊ သဘာဝဘေးကြောင့် ရေတားတမံနဲ့ ရေပိုက်အချို့ ပျက်စီးခဲ့တဲ့အတွက် လက်ရှိအချိန်မှာ ကုလက်ချောင်းကရေကို သုံးစွဲလျက်ရှိပြီး သောက်သုံးရေ အခက်အခဲရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အတူ ဒိုးချောင်းဝကျေးရွာဆိုရင်လည်းပဲ အိမ်ခြေ(၂၄၆)အိမ်၊ လူဦးရေ(၁၂၂၄)ဦးရှိပြီး လက်ရှိရေသုံးစွဲမှုအနေနဲ့ ကျေးရွာမှ (၁)ဖာလုံခန့် ကွာဝေးတဲ့ ကုလက်ချောင်းမှ ရေကို ခပ်ယူသုံးစွဲနေရတဲ့အတွက် အဆိုပါကျေးရွာဟာလည်းပဲ သောက်သုံးရေ အခက်အခဲရှိတဲ့ရွာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆတ်ချိုင်ကျေးရွာနဲ့ ဒိုးချောင်းဝကျေးရွာ(၂)ရွာဟာ သောက်သုံးရေ လိုအပ်တဲ့ ကျေးရွာများဖြစ်တယ် ဆိုသော်လည်းပဲ လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့အတွက် လက်ရှိ ဒေသနယ်မြေအေးချမ်းမှုအပေါ်မှာမူတည်ပြီး ကွင်းဆင်းစစ်ဆေးခြင်းနဲ့ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားရမယ့် အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လတ်တလောအနေအထားမှာ လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနဲ့ နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိလာတာနဲ့ အညီ ဆတ်ချိုင်ကျေးရွာရဲ့ လက်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအတွက် ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဒိုးချောင်းဝကျေးရွာ ရေရရှိရေးအတွက် တွီလုံးချောင်းမှ ရေသွယ်ယူခြင်းလုပ်ငန်းအတွက် ရေရရှိနိုင်မှု ရှိ/မရှိ Feasibility Survey ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဒေသမှာရှိတဲ့ မိမိတို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာပြီး နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများ စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဖြစ်မြောက်နိုင်စွမ်းရှိမယ်ဆိုရင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားတင်ပြချက်နဲ့အတူ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဗိုလ်မှူးချုပ်တင့်လွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ပြည်လည်ဖတ်ကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တံတားကြီးများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ- ၁)၁/၂၀၁၉ - ၁၄၄

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မတ် လ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တံတားကြီးများ ဥပဒေကြမ်းကို ၁၄-၂-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)နှင့် ဗိုလ်မှူးကျော်မိုးသွင်၊ တပ်မတော်သားကိုယ်စားလှယ်တို့က ၄ - ၃ - ၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၇ - ၃ - ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည် အပိုဒ် ၂၊ အပိုဒ်ခွဲ(ပ)ကို ပယ်ဖျက်၍လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (န)၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ်

၄ ခြေဆင်း၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၅ ခြေဆင်း၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)(င)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)(ဂ)နှင့် (င)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(က)(ခ)(ဂ)၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၈ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ကြောင်းနှင့် ပြည်သူ့လွှတ်တော်က ဖြည့်စွက်ထားသည့် အပိုဒ် ၂၁ ကို ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည် အပိုဒ် ၂၊ အပိုဒ်ခွဲ(ပ) ကို ပယ်ဖျက်၍လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (န)၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၅ ခြေဆင်း၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)(င)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)(ဂ)နှင့် (င)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(က)(ခ)(ဂ)၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၈ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ကြောင်း၊ ပြည်သူ့လွှတ်တော်က ဖြည့်စွက်ထားသည့် အပိုဒ် ၂၁ ကို ပယ်ဖျက်သင့်ကြောင်းနှင့် ဤဥပဒေကြမ်း၏ ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲချက်များကိုလည်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက် သင့်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)(ဃ)(င)(စ)(ဆ)(န)၊ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(င)၊ အပိုဒ် ၅ ခြေဆင်း၊ အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)(င)၊ အပိုဒ် ၇ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)(ဂ)(င)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဠ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ ပြည်သူ့လွှတ်တော်ကပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၈ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိရန်နှင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂ အပိုဒ်ခွဲ(ပ)နှင့် အပိုဒ် ၂၁ တို့ကို ပယ်ဖျက်ရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ အတည်ပြုပေးပို့လာတဲ့ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ၇ ရက် ၃ လပိုင်းမှာ ကျွန်တော်တို့ ပြန်လည်ကြားနာပြီး သဘောတူညီချက်ရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့အချက်တွေကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်၌သာ ဆုံးဖြတ်ခံယူသင့်ပါကြောင်း လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်။

**တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများ

ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ - ၁) ၁/၂၀၁၉ - ၁၁၅

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မတ်လ ၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၁ - ၁ - ၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၆)ဦးမှ ၂၈ - ၁ - ၂၀၁၉ ၊ ၃၀ - ၁ - ၂၀၁၉ ၊ ၃၁ - ၁ - ၂၀၁၉ ၊ ၄ - ၂ - ၂၀၁၉ ရက်နေ့တို့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ UNICEF Myanmar၊ NGO Child Right Working Group၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် ၁၉ - ၂ - ၂၀၁၉၊ ၂၀ - ၂ - ၂၀၁၉ ရက်နေ့နှင့် ၂၁ - ၂ - ၂၀၁၉ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးညှိနှိုင်းရာတွင် အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်-

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော စကားရပ်များအစား သင်တန်းကျောင်း ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်

၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန် ဝန်ကြီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ပ)တွင် ဖော်ပြထားသော စကားရပ်များအစား ခွဲခြားဆက်ဆံခြင်း ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ အမျိုးဇာတ်၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး၊ ယုံကြည်မှု သို့မဟုတ် လိင်စိတ်ခံယူမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဖ)ခြေဆင်းတွင် ဖော်ပြထားသော အပြင်းအထန် နာကျင်စေမှုကို ဖြစ်စေသော ဆိုသည့်စကားရပ်ကို နာကျင်စေမှုကို ဖြစ်စေသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဗ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ဆိုသည်မှာ သူတစ်ဦး တစ်ယောက်က ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း (abuse)၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ပြုလုပ်မှုတို့လည်း ပါဝင်သည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဘ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများ၊ စာတမ်းအမှတ်အသားများ တောင်းခံရယူခြင်း သို့မဟုတ် အခွင့်အရေး တစ်စုံတစ်ရာ တောင်းခံရယူခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(မ)တွင် ပါရှိသော အဝတ်အစားနှင့် ကျန်းမာရေးအတွက် ဆိုသည့် စကားရပ်ကို အဝတ်အစား၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်မှုရှိစေရန် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၃၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသည့် စကားရပ်ကို ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန် ဆိုသည့်

စကားရပ်ဖြင့်လည်းကောင်း၊ မသန်စွမ်းကလေးသူငယ်များကို တန်းတူအခွင့်အရေး ရရှိစေရန်အတွက် အပိုဒ် ၅၀၊ အပိုဒ်ခွဲ (ဃ)၏ နောက်တွင် အပိုဒ်ခွဲ (င) အဖြစ် လူမှုအဖွဲ့အစည်းတွင်ပါဝင်ဆောင်ရွက်ခွင့်ရှိသည် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အပိုဒ် ၆၀၊ အပိုဒ်ခွဲ (ဂ) တွင်ဖော်ပြထားသော ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား ဆိုသည့် စကားရပ်ကို ချိုးဖောက်မှုများအတွက် တပ်မတော် အပါအဝင် မည်သည့်လက်နက်ကိုင်အဖွဲ့မျှမဆို တာဝန်ရှိသူများအား ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နယ်မြေလုံခြုံသည့် အခြေအနေတွင် အထောက်အပံ့၊ အကူအညီများ ရရှိစေရန် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၆၁၊ အပိုဒ်ခွဲ (င)ကို အပိုဒ်ခွဲ (စ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား နယ်မြေလုံခြုံမှုရှိသော အခြေအနေတွင် လူသားချင်း စာနာမှုအကူအညီ၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိမှုကို ငြင်းဆို အဟန့်အတားပြုခြင်း ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘော တူညီမှုရရှိခဲ့ပါသည်။

(ဂ) နိုင်ငံတော်၏ တပ်မတော်နှင့် တပ်မတော်မဟုတ်သော အခြားလက်နက်ကိုင် အုပ်စုများတို့ကို ကွဲပြားစေလိုသော ရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ (န)၊ အပိုဒ်ခွဲငယ် (၁)၊ အပိုဒ် ၆၀၊ အပိုဒ်ခွဲ (ခ)နှင့် (ဆ)၊ အဆိုပြုပြင်ဆင်ရန်းချက် အပိုဒ် ၆၂၊ အပိုဒ်ခွဲ (က)တို့တွင် ဖော်ပြထားသော တပ်သားအဖြစ် ဆိုသည့်စကားရပ်ကို တပ်သားသစ် သို့မဟုတ် လူသစ်အဖြစ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၆၂၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စစ်သားအဖြစ် ဆိုသည့်စကားရပ်ကို တပ်သားသစ် သို့မဟုတ် လူသစ်အဖြစ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၆၃၊ အပိုဒ်ခွဲ (က)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ဃ) ကလေးသူငယ်၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်ခြင်းမှ ကာကွယ်ရန် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၄၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော ဂျာနယ်များ၊ စာစောင်များနှင့်ရေဒီယို၊ ရုပ်မြင်သံကြား တစ်ခုခုတွင် ဖြန့်ချိခြင်းဆိုသည့်စကားရပ်ကို ဂျာနယ်များ၊ စာစောင်များ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းနှင့် ရေဒီယို၊ ရုပ်မြင်သံကြား တစ်ခုခုတွင် ဖြန့်ချိခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ကလေးသူငယ်တရားရုံး မရှိသည့်နေရာများတွင် အခြားတရားရုံးတစ်ခုခုတွင် စစ်ဆေးစီရင်နိုင်ရန်အတွက် အပိုဒ် ၉၆ တွင် ပါရှိသော ကလေးသူငယ်တရားရုံး ရှေ့မှောက်တွင်ဖြစ်စေ ဆိုသည့် စကားရပ်၏ နောက်တွင် အခြားတရားရုံးတစ်ခုခုတွင်ဖြစ်စေ ဆိုသည့်စကားရပ်ကို ဖြည့်စွက်၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ်

၁၀၀ နှင့် ကွဲပြားခြားနားမှုရှိစေရန်အတွက် အပိုဒ် ၁၀၃၊ အပိုဒ်ခွဲ(ခ) ခြေဆင်းတွင် ဖော်ပြထားသော မည်သူမဆို ကလေးသူငယ်အား ဆိုသည့်စကားရပ်ကို မည်သူမဆို ကလေးသူငယ်အား လက်နက်ကိုင်ပဋိပက္ခအတွင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲငယ် (၁)တွင် ပါရှိသော လက်နက်ကိုင်ပဋိပက္ခအတွင်း ဆိုသည့် စကားရပ်ကို ပယ်ဖျက်၍လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

( င ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အကြံပြုချက်အရ ကလေးသူငယ်ကို အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရာတွင် ရှင်းလင်းမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၃၉ ၊ အပိုဒ်ခွဲ(က)တွင် ပါရှိသော သွေးရင်းဆွေမျိုးတစ်ဦးဦးကိုဖြစ်စေ ဦးစားပေးအစီအစဉ်အတိုင်း အုပ်ထိန်းသူအဖြစ်လည်းကောင်း ဆိုသည့်စကားရပ်ကို သွေးရင်းဆွေမျိုးတစ်ဦးဦးကိုဖြစ်စေ အုပ်ထိန်းသူအဖြစ်လည်းကောင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပိုမိုရှင်းလင်းမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၈၂၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူဖြင့် ဆိုသည့်စကားရပ်ကို ကလေးသူငယ်ကို လုံလောက်သော အာမခံသူဖြင့် ဆိုသည့်စကားဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဈ)တွင် ဖော်ပြထားသော ကလေးသူငယ်ကို အကူအညီပေးရန် ဆိုသည့် စကားရပ်ကို ကလေးသူငယ်ကို ကူညီဆောင်ရွက်ပေးရန် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၃၊ အပိုဒ်ခွဲ (ဂ)တွင် ဖော်ပြထားသော အခြားသင့်လျော်သူတစ်ဦးဦးအား ဆိုသည့်စကားရပ်ကို တရားရုံးက သင့်လျော်သည်ဟု ယူဆသူ တစ်ဦးဦးအား ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ အရ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၈၈၊ အပိုဒ်ခွဲ (စ) နှင့် အပိုဒ် ၉၁ တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် ရှင်းလင်းမှုရှိစေရန်နှင့် အဓိပ္ပာယ် လေးနက်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၈၅၊ အပိုဒ်ခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည် -

( ခ ) အသက်(၂၀)နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ်ဖြစ်သည့်အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။

ခြွင်းချက်။ ထိုသို့ ချမှတ်သည့်အခါ ကလေးသူငယ်ကို မိဘအုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်း တစ်ခုခုသို့ ပို့အပ်ခြင်းမပြုနိုင်။

၃။ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ခ) နှင့် (ဃ) တို့တွင် ပါရှိသည့် ဆေးရုံ သို့မဟုတ် သားဖွားဆေးခန်း ဆိုသည့်စကားရပ်သည် တိကျမှုမရှိသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆိုသည့်စကားရပ်အား ဖြည့်စွက်လိုကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၂၃ နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့ကြပါသည် -

(က) ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးဇာနည်ထက်အောင်၊ ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့မှ အပိုဒ် ၂၃ နှင့် စပ်လျဉ်း၍ အရွယ်မရောက်မီ လက်ထပ်ထိမ်းမြားပေးခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုး ပိုမိုဖြစ်စေနိုင်သောကြောင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်ကို (၁၈)နှစ်ပြည့်ပြီးဖြစ်ရန် ပြင်ဆင်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

(ခ) ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အပိုဒ် ၂၃ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် ၎င်းတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားပြီးဖြစ်သဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

(ဂ) ဥပဒေကြမ်းကော်မတီ၊ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဗိုလ်မှူးကျော်စိုးဦး နှင့် ဗိုလ်မှူးမိုးဟန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့မှ အပိုဒ် ၂၃ သည် သက်ဆိုင်ရာဥပဒေများနှင့် သဟဇာတ မဖြစ်ခြင်း၊ လက်ထပ်ခြင်းသည် ကလေးသူငယ်နှင့် မသက်ဆိုင်ခြင်းတို့ကြောင့် ကလေးသူငယ်၏ အခွင့်အရေးတွင် ၎င်းအချက်အားထည့်သွင်းရန် မလိုအပ်သဖြင့် ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅။ ဗိုလ်မှူးကျော်ဖြိုးဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ်ခွဲ(ခ) နှင့် (ဂ) တို့တွင် မွေးစားခြင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို မွေးဖွားခြင်းမှတ်ပုံတင်အဖွဲ့ဖွဲ့၍ ထည့်သွင်းဖွဲ့စည်းသင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၆။ ဗိုလ်မှူးသိန်းလွင်ဌေး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၅၈၊ အပိုဒ်ခွဲ(က)၊ (ခ) နှင့် (ဂ)တို့နှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်များကို တစ်ဦး

တစ်ယောက်တည်း ညွှန်ကြားချက်ဖြင့် ကာကွယ်စောင့်ရှောက်စေခြင်းအားဖြင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားအတွက် လုံလောက်သောကာကွယ်စောင့်ရှောက်မှု ပြုလုပ်နိုင်မည်မဟုတ်သည့်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို တာဝန်ပေးအပ်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၇။ ဗိုလ်မှူးဇော်ဝင်းဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၆၇ နှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးကာကွယ်ရေးဥပဒေ ဖြစ်သည့်အတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကျူးလွန်သူကို တရားခံလွှဲပြောင်းလိုခြင်းနှင့် ယင်းပြစ်မှုများကို တရားခံလွှဲပြောင်းရေး ဥပဒေတွင်သာ ဖြည့်စွက်ပြဋ္ဌာန်းသင့်သဖြင့် အပိုဒ် ၆၇ ကို ပယ်ဖျက်သင့်ကြောင်းနှင့် အပိုဒ် ၇၈ တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဆရာဝန်၏ ထင်မြင်ယူဆချက်ကိုပါ ထည့်သွင်းသင့်ကြောင်း ဆွေးနွေး တင်ပြခဲ့ပါသည်။

၈။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဒ)နှင့် စပ်လျဉ်း၍ ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းတွင် လိင်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ရည်ရွယ်ချက်မရှိဘဲ ဖြန့်ဖြူးလျှင် ပြစ်မှုမမြောက်နိုင်သည့်အတွက် ရည်ရွယ်၍ ဆိုသည့်စာသားအား ပယ်ဖျက်သင့်ကြောင်းနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၇၆ နှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု ပါရှိသည့်အတွက် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် အပိုဒ် ၇၆ ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၉။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) တို့မှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၇၇၊ အပိုဒ်ခွဲ(က)တွင် ကလေးသူငယ်၏ ပြုလုပ်မှုအရ ပြစ်မှုမမြောက်စေရန် အသက်ကို ၁၂ နှစ်အောက်ထားရှိသင့်ပြီး အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်သင့်ကြောင်းနှင့် ဗိုလ်မှူးထက်လင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှ အပိုဒ်ခွဲ(က)ပါ ကလေးသူငယ်၏ ပြုလုပ်မှုအရ ပြစ်မှုမမြောက်စေရန် အသက်ကို (၇)နှစ်အောက် ထားရှိသင့်ပြီး အပိုဒ်ခွဲ(ခ)ပါ အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးသော ကလေးသူငယ်၏ အသက်ကိုလည်း (၁၀)နှစ်အစား (၇)နှစ်ဟု ပြင်ဆင်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၁၀။ ဗိုလ်မှူးထက်လင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)ခြေဆင်းနှင့် စပ်လျဉ်း၍ ထောင်ဒဏ်ချမှတ်သင့်သည့်ပြစ်မှုကို ကျူးလွန်သည့် ကလေးသူငယ်အား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရန်နှင့် ကလေးသူငယ်တရားရုံး တရားသူကြီး၏ ဆင်ခြင်တုံတရားအား ကန့်သတ်မှုနည်းပါးစေရန်အတွက် အောက်ပါအချက်တစ်ရပ်ရပ် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၁၁။ ဗိုလ်မှူးသိန်းဘိုဘိုထွေး နှင့် ဗိုလ်မှူးကျော်မိုးသွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့မှ ပြစ်ဒဏ်ချမှတ်မှုအပိုင်းတွင် ထိထိရောက်ရောက် ဟန့်တားနိုင်မည့် ပြစ်ဒဏ်များ ချမှတ်ရ

မည့်အပြင် ပေါ်လွင်ထင်ရှားစွာ ပြဋ္ဌာန်းရန်လိုအပ်သဖြင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိသင့်ကြောင်းနှင့် ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၁၁၄ ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေး တင်ပြခဲ့ပါသည်။

၁၂။ ပိုမိုပြည့်စုံမှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်း ကောင်း၊ ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို အစီအစဉ်ကျနမှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင် ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၁၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ UNICEF Myanmar၊ NGO Child Right Working Group၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလ ပြင်ဆင် ချက်နှင့် ယခု ထပ်မံပြင်ဆင်ချက်များအတိုင်း ဆက်လက်အတည်ပြုသင့်ကြောင်းနှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါ်အိအိပြုံး၊ ဦးထိန်ဝင်း၊ ဦးကျော်ကျော်ဝင်း၊ ဦးဆန်းမြင့်၊ ဒေါက်တာတင်တင်ဝင်း၊ ဦးစိုးသိန်း၊ ဦးဌေးဦး၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင်၊ ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးကျော်စိုးဦး၊ ဗိုလ်မှူး ဇာနည်ထက်အောင်၊ ဗိုလ်မှူးမိုးဟန်၊ ဗိုလ်မှူးကျော်ဖြိုးဝင်း၊ ဗိုလ်မှူးကျော်မိုးသွင်၊ ဗိုလ်မှူးထက်လင်း၊ ဗိုလ်မှူးဇော်ဝင်းဦး၊ ဗိုလ်မှူးသိန်းလွင်ဌေး၊ ဗိုလ်မှူးသိန်းဘိုဘိုထွေး၊ ဗိုလ်ကြီးဒေါ်သဇင်လှိုင်၊ ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်း၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ တို့၏ တင်ပြချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၂ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၂။**

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။**　　။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၁)ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။**　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆုံးအဖြတ်ရယူလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ဥပဒေကြမ်းကော်မတီကိုယ်စား ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးတော့ -

အပိုဒ် ၂ ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)(ည)(ဋ)(ဌ)(ဍ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။**　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)(ည)(ဋ)(ဌ)(ဍ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ အပိုဒ်ခွဲ(ဒ)ကိုတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးဦး က ပြင်ဆင်ချက် အဆို တင်သွင်းထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဦးဋ္ဌေးဦး ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၂)မဲ၊ ကန့်ကွက်မဲ (၆၇)မဲ၊ ကြားနေမဲ(၁၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ အပိုဒ်ခွဲ(န) အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဖ)ရဲ့ ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဗ)ရဲ့ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဘ)ရဲ့ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(မ)၊ အပိုဒ်

၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(န) အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဖ)ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဗ)ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဘ)ခြေဆင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(မ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)နဲ့ (ဃ) ကိုတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင် မှ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင် ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင် ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၇)မဲ၊ ကန့်ကွက်မဲ (၆၀)မဲ၊ ကြားနေမဲ(၈)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၃ နှင့် စပ်လျဉ်းပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဦးကျော်ကျော်ဝင်း၊ ဒေါက်တာတင်တင်ဝင်း၊ ဦးစိုးသိန်း၊ ဗိုလ်မှူးကျော်စိုးဦး၊ ဗိုလ်မှူးမိုးဟန် တို့ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ အပိုဒ် ၂၃ ကို ပယ်ဖျက်ဖို့ အဆိုပြုပါတယ်။

ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါ်အိအိပြုံး၊ ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးဇာနည်ထက်အောင်၊ ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ကတော့ အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်ဟာ (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်လို့ တင်ပြထားပါတယ်။

ဦးဆန်းမြင့် ကတော့ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် မည်သို့ ကွဲပြားစွာ ပြဋ္ဌာန်းစေကာမူ အသက်နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်သည် (၁၈)နှစ်ပြည့်ပြီး ဖြစ်စေရမည်လို့ တင်ပြထားပါတယ်။

ဦးထိန်ဝင်း ကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထားရှိဖို့ တင်ပြထားပါတယ်။

အဲဒီတော့ ဒီနေရာမှာ အဆိုက(၄)ခု ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုများအပေါ်မှာ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူဆောင်ရွက်မှာဖြစ်ပါတယ်။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီ၊ ဦးကျော်ကျော်ဝင်း၊ ဒေါက်တာတင်တင်ဝင်း၊ ဦးစိုးသိန်း၊ ဗိုလ်မှူးကျော်စိုးဦး နှင့် ဗိုလ်မှူးမိုးဟန် တို့၏ တင်ပြချက်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါ်အိအိပြုံး၊

ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးဇာနည်ထက်အောင်၊ ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ၊ ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်များကို မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်(၅)ဦးတို့၏ တင်ပြချက်ကို သဘောတူတဲ့လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲ ပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်(၅)ဦးတို့၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်(၅)ဦးတို့၏ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒေါ်ရွှေရွှေစိန်လတ် ပါ ကိုယ်စားလှယ်(၇)ဦးတို့ရဲ့ ပြင်ဆင်ချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၆၀)မဲ၊ ကန့်ကွက်မဲ (၉၈)မဲ၊ ကြားနေမဲ (၁၉)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဒေါ်ရွှေရွှေစိန်လတ် ပါ ကိုယ်စားလှယ်(၇)ဦးတို့၏ ပြင်ဆင်ချက်ကို ဦးဆန်းမြင့် ၏ ပြင်ဆင်ချက်နှင့် ဆက်လက် ဆန္ဒရယူသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦးတို့ရဲ့ တင်ပြချက်နှင့် ဦးဆန်းမြင့် ၏ ပြင်ဆင်ချက်ကို ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦး၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦးတို့၏ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဦးဆန်းမြင့် ၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၂)မဲ၊ ကန့်ကွက်မဲ (၆၈)မဲ၊ ကြားနေမဲ(၁၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦးတို့ရဲ့ တင်ပြချက်ကို ဦးထိန်ဝင်း ၏ တင်ပြချက်နဲ့ ဆက်လက် ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦးရဲ့ တင်ပြချက်နှင့် ဦးထိန်ဗင်း ၏ တင်ပြချက်ကို ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦး၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦး၏ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးထိန်ဝင်း ၏ တင်ပြချက် အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၅၃)မဲ၊ ကန့်ကွက်မဲ (၁၈)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဆန္ဒမဲများသူ ဒေါ်ရွှေရွှေစိန်လတ် ပါ (၇)ဦး၏ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၄ ကိုတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း မှ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၁) အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန်ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကျော်ဖြိုးဝင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၆)မဲ၊ ကန့်ကွက်မဲ(၆၀)မဲ၊ ကြားနေမဲ(၁၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၅ ကိုလည်း တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ကနေပြီးတော့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ ဥပဒေကြမ်းအတည်ပြုတာပါ။ မဟုတ်ပါဘူး။ ခင်ဗျားတို့ကို ဒါ ဆွေးနွေး ခွင့်ပေးပြီးပြီ။ ဒါဆွေးနွေးတဲ့အဆင့် မဟုတ်တော့ဘူး။ မဟုတ်ပါဘူး။ ဥပဒေကြမ်း အတည်ပြုတာပါ။ နော် ကျွန်တော် ခွင့်မပြုပါဘူး။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန်ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကျော်ဖြိုးဝင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၃)မဲ၊ ကန့်ကွက်မဲ (၆၄)မဲ၊ ကြားနေမဲ (၁၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့လည်း ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၆ အပိုဒ်ခွဲ(က)ရဲ့ ခြေဆင်းကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း က ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင် ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲ ပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကျော်ဖြိုးဝင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၀၆)မဲ၊ ကန့်ကွက်မဲ(၆၂)မဲ၊ ကြားနေမဲ (၁၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) နဲ့ (ဂ)ကိုလည်း တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း က ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲ ပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲ ပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကျော်ဖြိုးဝင်း၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၂)မဲ၊ ကန့်ကွက်မဲ(၆၆)မဲ၊ ကြားနေမဲ(၁၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ 　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ -

အပိုဒ် ၂၇ အပိုဒ်ခွဲ(က)(ဂ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ (က)၊ အပိုဒ် ၄၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ (င)၊ အပိုဒ် ၅၃ နဲ့ အပိုဒ် ၅၆ ခြေဆင်း ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ 　။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇ အပိုဒ်ခွဲ (က)(ဂ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ (င)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၆ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ 　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၅၇၊ အပိုဒ်ခွဲ(က)(ခ)(ဂ)တို့ကိုတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ကနေပြီးတော့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲ ပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးသိန်းလွင်ဌေး ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၇)မဲ၊ ကန့်ကွက်မဲ(၆၃)မဲ၊ ကြားနေမဲ(၁၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ -

အပိုဒ် ၅၉၊ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(ဇ)၊ အပိုဒ် ၆၀၊ အပိုဒ်ခွဲ(က)(င)(စ)၊ အပိုဒ် ၆၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၉၊ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(ဇ)၊ အပိုဒ် ၆၀၊ အပိုဒ်ခွဲ(က)(င)(စ)၊ အပိုဒ် ၆၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၄ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၆၆၊ အပိုဒ်ခွဲ(က) နဲ့ (ခ)တို့ကိုတော့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲ ပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန်ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးဇော်ဝင်းဦး ၏ ပယ်ဖျက်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၀)မဲ၊ ကန့်ကွက်မဲ (၆၄)မဲ၊ ကြားနေမဲ(၇)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၁ ခြေဆင်း၊ အပိုဒ် ၇၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၅ ပြင်ဆင်ချက် များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၁ ခြေဆင်း၊ အပိုဒ် ၇၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၇၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ -

အပိုဒ် ၇၆ ကိုတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ကနေပြီးတော့ ပယ်ဖျက်ဖို့တင်ပြထားပါတယ်။ ဒီအတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးဌေးဦး ၏ ပယ်ဖျက်ချက် အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၃)မဲ၊ ကန့်ကွက်မဲ(၈၂)မဲ၊ ကြားနေမဲ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၇၇၊ အပိုဒ်ခွဲ(က)မှာတော့ ဥပဒေကြမ်းကော်မတီကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုဖို့ တင်ပြထားပါတယ်။

ဒေါ်ရွှေရွှေစိန်လတ် နဲ့ ဒေါ်အိအိပြုံး တို့ကတော့ အသက်(၁၂)နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရလို့ ပြင်ဆင်ချက် အဆို တင်သွင်းထားပါတယ်။

ဗိုလ်မှူးထက်လင်း ကတော့ အသက်(၇)နှစ်အောက် ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရလို့ အဆို တင်သွင်းထားတာဖြစ်ပါတယ်။

ဒီအဆို(၃)ရပ်ကို လွှတ်တော်ရဲ့ ဆန္ဒ ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါ်အိအိပြုံး တို့၏ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ဆက်လက် ဆောင်ရွက်မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒေါ်ရွှေရွှေစိန်လတ် နှင့် ဒေါ်အိအိပြုံး တို့၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၃၆)မဲ၊ ကန့်ကွက်မဲ (၁၅)မဲ၊ ကြားနေမဲ (၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်နှင့် ဆက်လက် ဆန္ဒ ရယူသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်ကို ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၆) မဲ၊ ကန့်ကွက်မဲ (၆၅)မဲ၊ ကြားနေမဲ (၁၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၇၇၊ အပိုဒ်ခွဲ(ခ) ကိုတော့ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်အတိုင်း ဆက်လက်အတည်ပြုဖို့ တင်ပြထားပါတယ်။ ဒေါ်ရွှေရွှေစိန်လတ် နှင့် ဒေါ်အိအိပြုံး တို့ကတော့ ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ကတော့ ပြင်ဆင်ချက် အဆို တင်သွင်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီအဆို (၃)ရပ်အပေါ်မှာ လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်အိအိပြုံး၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါ်အိအိပြုံး တို့၏ တင်ပြချက်ကို မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒေါ်ရွှေရွှေစိန်လတ် နှင့် ဒေါ်အိအိပြုံး တို့၏ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၅၇)မဲ၊ ကန့်ကွက်မဲ (၁၆)မဲ၊ ကြားနေမဲ (၇)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်နှင့် ဆက်လက်ဆန္ဒ ရယူသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်ကို ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၂)မဲ၊ ကန့်ကွက်မဲ (၆၃)မဲ၊ ကြားနေမဲ (၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဆန္ဒမဲများသူ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၇၈ ကိုတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး က ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးဇော်ဝင်းဦး ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၀၇)မဲ၊ ကန့်ကွက်မဲ (၆၅)မဲ၊ ကြားနေမဲ (၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၈၂ အပိုဒ်ခွဲ (ဂ)(င)(ဈ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၈၄ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၈၅ အပိုဒ်ခွဲ (ခ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၂၊ အပိုဒ်ခွဲ(ဂ)(င)(ဈ)၊ အပိုဒ် ၈၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၅၊ အပိုဒ်ခွဲ(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)ရဲ့ ခြေဆင်းကိုတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်းက ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးထက်လင်း ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၂)မဲ၊ ကန့်ကွက်မဲ (၆၆)မဲ၊ ကြားနေမဲ (၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၈၇၊ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၈၈ ရဲ့ ခြေဆင်း၊ အပိုဒ် ၉၀ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၉၄၊ အပိုဒ် ၉၅ ရဲ့ ခြေဆင်းနဲ့ အပိုဒ် ၉၈၊ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၄) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၇၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၈၈ ခြေဆင်း၊ အပိုဒ် ၉၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉၄၊ အပိုဒ် ၉၅ ခြေဆင်း၊ အပိုဒ် ၉၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၀၀၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၀၂၊ အပိုဒ်ခွဲ(ခ)ရဲ့ ခြေဆင်း၊ အပိုဒ် ၁၀၂၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၀၃၊ အပိုဒ်ခွဲ (က)(ခ)(ဂ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၀၂၊ အပိုဒ်ခွဲ(ခ)ခြေဆင်း၊ အပိုဒ် ၁၀၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၀၃၊ အပိုဒ်ခွဲ(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၀၄ ကိုတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုပေးဖို့ တင်ပြထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များဖြစ်တဲ့ ဗိုလ်မှူးကျော်မိုးသွင် နှင့် ဗိုလ်မှူးသိန်းဘိုဘိုထွေး တို့ကတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိဖို့ တင်ပြထားပါတယ်။

ဒီအတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် နှင့် ဗိုလ်မှူးသိန်းဘိုဘိုထွေး တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကျော်မိုးသွင် နှင့် ဗိုလ်မှူးသိန်းဘိုဘိုထွေး တို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၉)မဲ၊ ကန့်ကွက်မဲ (၇၁)မဲ၊ ကြားနေမဲ (၈)မဲဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၁၀ ရဲ့ ခြေဆင်းနဲ့ အပိုဒ် ၁၁၁ အပိုဒ်ခွဲ(က) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၀ ခြေဆင်း၊ အပိုဒ် ၁၁၁ အပိုဒ်ခွဲ (က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၁၃ ကိုတော့ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း ဆက်လက်အတည်ပြုဖို့ တင်ပြထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များဖြစ်ကြတဲ့ ဗိုလ်မှူးကျော်မိုးသွင် နဲ့ ဗိုလ်မှူးသိန်းဘိုဘိုထွေး တို့ကတော့ ပယ်ဖျက်ပေးဖို့ တင်ပြထားပါတယ်။ ဒီအတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် နှင့် ဗိုလ်မှူး သိန်းဘိုဘိုထွေး တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကျော်မိုးသွင် နှင့် ဗိုလ်မှူးသိန်းဘိုဘိုထွေး တို့ရဲ့ ပယ်ဖျက်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၀၄)မဲ၊ ကန့်ကွက်မဲ(၆၂)မဲ၊ ကြားနေမဲ(၁၀)မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို (၀၁း၀၀)နာရီခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၄၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၅၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၅၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးရဲ့ နေ့လယ်ပိုင်းအစီအစဥ်မှာ ခွင့်ပန်ကြားသူ ကိုယ်စားလှယ် (၃၃)ဦး ရှိကြောင်းနဲ့ ကော်မတီအစည်းအဝေး အသီးသီးသို့ တက်ရောက်နိုင်ရန်အတွက် ခွင့်ပန်ကြားခြင်းများဖြစ်ကြောင်းကို လွှတ်တော်ကို အသိပေးအပ်ပါတယ်။

အစီအစဥ် (၁၁)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ -

အပိုဒ် ၁၁၈ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီပြင်ဆင်ချက်ကို

သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၈သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် -

အပိုဒ် ၈၇(ဂ)(၂)၊ အပိုဒ် ၈၇(ဃ)၊ အပိုဒ် ၈၈(စ)၊ အပိုဒ် ၉၁ ကိုတော့ လိုအပ်ခြင်း မရှိတဲ့အတွက်ကြောင့်မိုလို့ အမျိုးသားလွှတ်တော်က ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးကနေ ဒီနေ့ပြင်ဆင်ချက်များနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပဖြစ်တဲ့ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲတွေကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထား နိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ ပြည်ပပညာရှင်များ၏အကူအညီများရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ်ပြုစုရေးနှင့် မြေယာ မှတ်ပုံ တင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက် အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ ဆောင်ရွက်ရန် မူလ အခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသောမြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၁။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ မြေယာပြဿနာနဲ့ ပတ်သက်ပြီးတော့မှ မေးခွန်းတွေဆိုတာ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် ယနေ့အထိ စဉ်ဆက်မပြတ် ပြောနေကြားနေရတာ အားလုံးအသိပါပဲ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေးမှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ၏ လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ (ကော်သုံးကော်)တို့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ချက်များ မှန်ကန်တည့်မတ်စေဖို့ ရည်ရွယ်တင်သွင်းခဲ့သော အဆို၊ အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒအမှတ်(၇) ဒေါက်တာပြည့်ဖြိုး ၏ အမျိုးသားမြေအသုံးချမူဝါဒတို့ကို ပြန်လည်သုံးသပ်၍ မြေယာအစီအစဉ်များ ချမှတ်သွားရန် အဆို ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း(ခ) ဦးလှမြင့်သန်း ၏ တစ်မျိုးတည်းသော မြေပုံစနစ်ပြုပြင်ရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆို၊ ၎င်းတင်သွင်းသော အဆိုများသည် မြေနှင့်နှီးနွှယ်ဆက်စပ်သော အဆိုများ ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

မဲဆန္ဒရှင် ပြည်သူများအတွက် ကျွန်တော်တို့ ကိုယ်စားလှယ်များသည် မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အတွေး၊ မှန်ကန်တဲ့ စကားအထိသာ ဆိုနိုင်စွမ်းရှိပါတယ်။ တကယ်တမ်းသိရမှာက၊ အကောင်အထည်ဖော်ဆောင်ရွက်ရမှာက သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးဥပဒေတို့အား ဖျက်သိမ်းပြီးတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး ၎င်းလယ်ယာမြေဥပဒေဖြင့် အစိုးရမင်းများ စီမံဆောင်ရွက်ခဲ့တာ အားလုံး အသိပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်မှ အချက်(၅)ချက်နဲ့ တင်ပြပါတယ်။ မြို့မြေ၊ ရွာမြေဆိုင်ရာ အငြင်းပွားမှုပြဿနာ၊ လယ်ယာမြေဆိုင်ရာ အငြင်းပွားမှု ပြဿနာ၊ မြေလွတ်၊ မြေလပ်ဆိုင်ရာ အငြင်းပွားမှု ပြဿနာ၊ သိမ်းဆည်းခံမြေဆိုင်ရာ အငြင်းပွားမှုပြဿနာ၊ အခြားမြေမျိုးဆိုင်ရာ အငြင်းပွားမှုပြဿနာများ ဆိုပြီး အချက်(၅)ချက်ဖြင့် အငြင်းပွားမှုဆိုင်ရာ ပြဿနာများ လက်တွေ့ရင်ဆိုင်နေကြရကြောင်း အဆိုရှင်က ဆိုထားပါတယ်။ ၎င်းအချက်(၅)ချက်အပေါ် အခြေပြုပြီးတော့ ဖြေရှင်းမရသော ပြဿနာ (၁၂)ရပ်လောက်ရှိကြောင်းကိုလည်း ဆိုထားပြန်ပါတယ်။

အချုပ်တင်ပြရသော် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ဆောင်ရွက်စီမံတဲ့ ပုံစံ(၇) ထုတ်ပေးရမှု၊ ထုတ်ပေးရန် ကျန်ရှိမြေ၊ ထုတ်ပေးသော်လည်း မှန်ကန်မှုမရှိကြောင်း စားကျက်မြေ၊

သစ်တောမြေ၊ သစ်တောကြိုးဝိုင်းမြေအတွင်း ကျူးကျော်သူများကိစ္စ၊ စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေရိုင်းမြေ၊ ပလပ်ထားမြေများ၊ မြို့ပြကျေးလက်မြေဟူ၍ ဆိုထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကာလအလိုက် အုပ်ချုပ်သူများ အဆင့်ဆင့် စီမံခန့်ခွဲမှုအမှားများကြောင့် မြေယာကိစ္စများ ရှင်းမရနိုင်အောင် ဂျာအေးသူအမေရိုက် ဆိုသလို ဖြစ်တည်နေကြောင်း ကျွန်တော်တို့ အားလုံးအသိပင်ဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ရဲ့ စိုက်ပျိုးမြေဧရိယာ၊ စိုက်ပျိုးရေးမြေဧရိယာ၊ သစ်တောမြေ၏ ဧရိယာ၊ ဆည်မြောင်းဦးစီးဌာနရဲ့ ဆည်ရေသောက် စိုက်ပျိုးမြေဧရိယာ၊ မြို့ပြကျေးလက်မြေ ဧရိယာ၊ တိကျသေချာသော ဧရိယာအရေအတွက် ကောက်ယူတင်ပြနိုင်စွမ်းမရှိတာ အားလုံးအသိပါပဲ။ မြေနှင့်ပတ်သက်သော ဆိုင်ရာဆိုင်ရာ ဌာနများ၏ တိကျသေချာသော မြေဇာ ဖြစ်တည်စေရန်နှင့် လယ်ယာမြေပိုင်ဆိုင်ရန် အငြင်းပွားမှုများ အဖြစ်များနေမှု ဖြေရှင်းနိုင်ရန် အဆိုရှင် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်ပြသလိုပဲ တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်လုပ်ငန်းတို့ စနစ်တကျ ရေးဆွဲဆောင်ရွက်ခြင်း မပြုနိုင်ခြင်းကြောင့် အဓိက ကျနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသော အချက်(၅)ချက်မှ လယ်ယာမြေ အငြင်းပွားမှု ပြဿနာအတွက် အဖြေရှာကြည့်တော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မြေစာရင်းပုံစံ(၁၀၅) ရေးဆွဲပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးခဲ့သည့် အလျင်စလို ဆောင်ရွက်ကြသည့် အမှားများကြောင့် အမှားမှားအယွင်းယွင်း ပြဿနာများ ပေါ်ပေါက်ခြင်းက အဓိကကျပြီးတော့ ကိုယ့်လယ်သမားအချင်းချင်း၊ ဆွေမျိုးအချင်းချင်းတောင် မထိန်းသိမ်းနိုင်ကြတော့ဘဲ လုပ်ပိုင်ခွင့်ရှိသူနဲ့ပေါင်းပြီး ဇာတ်တူသားစားတဲ့အဆင့်အထိ စိတ်ဓာတ်တွေလည်း ယိုယွင်းပျက်စီးကုန်ပါတယ်။ ယခုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် လယ်ယာသီးနှံပျက်စီးခဲ့တဲ့ကိစ္စဖြင့် နှိုးနှယ်တင်ပြပါရစေ။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၃)၊ ပုဒ်မ ၅၊ ပုဒ်မခွဲငယ်(ဌ)အရ သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှု ကြုံတွေ့ရပါက လုပ်ကွက်ငယ်တောင်သူများအား ဦးဆောင်အဖွဲ့မှ ကူညီထောက်ပံ့ပေး ပြဋ္ဌာန်းမှုအရ ငွေကျပ်သိန်း(၉၀၀၀)လောက် ထောက်ပံ့ပေးမည်လည်း ဆိုပါရော စာရင်းတွေက အမှားမှားအယွင်းယွင်း၊ ဘယ်အစိုးရလက်ထက်က ယခုလို သီးနှံပျက်စီးမှု ထောက်ပံ့ငွေ မရှိခဲ့ဘူး ဆိုလေတော့ ပြဿနာပေါင်းစုံက ဖြစ်ပြီး၊ ပျက်စီးသူက မရ၊ မပျက်စီးသူက အုပ်ချုပ်ရေး မြေစာရင်း စာရေးတွေပေါင်း၊ မပျက်စီးတဲ့သူတွေက ထောက်ပံ့ကြေးရ၊ ကျန်တဲ့သူက ကျန်၊ တံခါးမှူး ဒတ္တလိုပဲ ရရင်တစ်ဝက်ပေး ဇာတ်လမ်းကခင်း။ အဲဒါ ယနေ့ အခြေအနေပါ။ စီမံဆောင်ရွက်သူ အရာထမ်း၊ အမှုထမ်းများကို စည်းမျဉ်းစည်းကမ်း ဥပဒေကို တိကျစွာ မကိုင်တွယ်တော့ ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာ အစိုးရမင်းများ မိမိနားရွက် တံတွေးပေနေပြီလား စမ်းကြည့်စေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိမ်းဆည်းခံမြေပြဿနာနှင့် ပတ်သက်ပြီးတော့ မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးပေးပို့တဲ့ သဝဏ်လွှာမှာ သိမ်းဆည်းမြေဧက ၂၀၁၈ ခုနှစ်အကုန်အထိ ပြန်လည်စွန့်လွှတ်သည့်ဧကပေါင်း (၄၂၅၄၀၆)ဧက ရှိပြီးတော့ တောင်သူလယ်သမားများထံကို ဧက(၄၀၆၇၁၉)ဧက ပြန်လည်စွန့်လွှတ်ပေးကမ်းပြီး ဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။ တောင်သူလယ်သမားပိုင် လယ်ယာမြေကို သိမ်းယူတာ အဓမ္မနည်းပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီမှာ ပြန်ပေးတာ စွန့်လွှတ်တယ်လို့ ပြောဆိုရေးသားကြတယ်။ စွန့်လွှတ်တယ်ဆိုတာ ဥပမာ တင်ပြရလျှင် မိမိပိုင်ဆိုင်မှုဖြင့် အကုန်အကျခံ ကျောင်းဆောက်လုပ်လှူဒါန်းပါက ကျောင်းလွှတ်ပူစာလို့ သုံးနှုန်းပါတယ်။ ဒီထက်ရှင်းအောင်ပြောရရင် အလှူအတန်းရက်ရောတဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ဝေဿန္တရာမင်းကြီးဟာ သူပိုင်ဆိုင်တဲ့ သားတော် ဇာလီနဲ့ သမီး ဂဏှာစိန်ကို ဇူဇကာပုဏ္ဏားထံ စွန့်လွှတ်ပေးကမ်းပါတယ်။ ပြည်သူပြည်သားနှင့် သက်ဆိုင်သည့် ဆင်ဖြူတော် ပေးကမ်းမှုကျတော့ တိုင်းသူပြည်သားများ မကျေနပ်လို့ နယ်နှင်ဒဏ် အပေးခံရပါတယ်။ အဓိက ဆိုလိုချင်တာက ကျွန်တော်တို့ ကျေးဇူးရှင် တောင်သူလယ်သမားများ မိမိလယ်ယာကို ပြန်ပေးတာတောင်မှ သိမ်းဆည်းသူမှာ အပြစ်မရှိသယောင်ယောင် ပြောဆိုသုံးနှုန်းကြလို့ စိတ်ထဲ မရိုးမရွခံစားနေကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အဆိုရှင်၏ ရှင်းလင်းတင်ပြမှုတွင် ထိုင်းနိုင်ငံနှင့် စံနမူနာယူလုပ်ဆောင်ကြရန် တင်ပြထားကြောင်းလည်း သိရပါတယ်။ ထိုင်းနိုင်ငံမှာ ၁၉၈၄ ခုနှစ်ကစပြီး အချိန်နှစ်(၂၀)ခန့်ကြာပြီး ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း(၂၀၀)ခန့် ကုန်ကျစရိတ်ရှိကြောင်း ကမ္ဘာ့ဘဏ်က အကူအညီအထောက်အပံ့နဲ့ ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ကျွန်တော်တို့နိုင်ငံ One Map Project ကိုလည်း ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်နေကြောင်း သိထားသော်လည်း ဘယ်အဆင့်အထိရောက်နေပြီလဲ မေးစရာပါ။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အစိုးရက စီမံဆောင်ရွက်မှုအရ မြေနုကျွန်းများ တစ်ကွင်းတစ်စပ်တည်းကွင်းများကိုတော့ ဒရုန်း(၄)ခု လွှတ်တင်ပြီးတော့ ကွန်ပျူတာစနစ်ဖြင့် ထိန်းညှိဆောင်ရွက်နေပါတယ်။ အထိုက်အလျောက်တော့ အသုံးဝင်ကြောင်း သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ဆိုသလိုတော့ အသုံးပြုနိုင်ကြောင်း သိရှိရပါတယ်။ တစ်မျိုးတည်းသောမြေပုံစနစ် ပြုစုပြီးတော့ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းက ပြီးပြည့်စုံသော အောင်မြင်အောင်ဆောင်ရွက်မှု ဖြစ်တည်ပါလိမ့်မယ်။

သို့ပါ၍ ကျွန်တော့်အနေဖြင့် ကျွန်တော်တို့ နိုင်ငံလက်ရှိဖြစ်ပေါ်နေသော ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများ ဖြေရှင်းနိုင်ဖို့ရာ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၈။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး အဆိုကို

ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်သော နေရာများ၌ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ မြေယာကဏ္ဍတွင် မြေအတန်းအစား များစွာရှိပါတယ်။ မြေအတန်းအစားတစ်ခုစီကို ဌာန(၂၀)ခန့်မှ မတူညီသော ဥပဒေ(၃၀)ကျော်ဖြင့် စီမံအုပ်ချုပ်နေတဲ့အတွက် လက်တွေ့မြေပြင်တွင် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ မြေအသုံးချဇုန်အများစု၏ နယ်နိမိတ်များသည်လည်း ပိုင်းခြားသတ်မှတ်ထားခြင်းမရှိပါ။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအတန်းအစားမြေများသည်လည်း မြေပုံတွင် ဖော်ပြထားခြင်းမရှိသဖြင့် ပြဿနာအများဆုံး ကြုံတွေ့နေရသော မြေအမျိုးအစားဖြစ်နေပါတယ်။ တိကျမှန်ကန်သော မြေပုံများရှိမှသာ ယင်းမြေများ၏ တည်နေရာနှင့် အကျယ်အဝန်းကို ဖော်ပြနိုင်မည်ဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲခြင်းနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မြေပုံများနှင့် မြေပုံအချက်အလက်များ၏ အရေးပါမှုသည် လွန်စွာအရေးကြီးသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ လက်ရှိမြန်မာပြည်၏ မြေပုံများနှင့် မြေပုံအချက်အလက် အခြေအနေများသည် စာရွက်ပုံစံများဖြင့်သာရှိနေပြီး နယ်ရုံးများတွင် သိမ်းဆည်းထားသည်ကို တွေ့ရှိနေရပါတယ်။ မြေပုံနှင့် မြေပုံအချက်အလက်များတွင် စံသတ်မှတ်ချက်များရှိမနေ၍ ဌာနအသီးသီးမှ ထုတ်နုတ်သော အချက်အလက်များတွင်လည်း အချင်းချင်းကိုက်ညီမှု သဟဇာတဖြစ်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ စာရွက်ဖြင့်ရှိနေသော အချက်အလက်များဖြင့် ရယူသုံးစွဲရန်လည်း အခက်အခဲရှိသလို ဌာနများအကြား အချက်အလက် မျှဝေသည့်စနစ်များ အလေ့အထမရှိသဖြင့် ပွင့်လင်းမြင်သာသော (Open Data) မူဝါဒလည်း မရှိပေ။ အချက်အလက်ကောက်ယူရာတွင် ခေတ်မမီတော့သည့် နည်းပညာများအသုံးပြုခြင်းကြောင့် သက်ဆိုင်ရာဌာနအချင်းချင်း ပူပေါင်းဆောင်ရွက်မှုအားနည်းခြင်းကြောင့် အဆိုပါဌာနများမှ ထုတ်လုပ်သည့် မြေပုံများတွင် ကွဲလွဲမှုများဖြစ်ပေါ်စေပြီး တိကျမှုဆိုင်ရာပြဿနာများကိုလည်း ဖြစ်ပေါ်စေပါတယ်။

သို့ဖြစ်ပါ၍ မြန်မာပြည်၏ လက်ရှိမြေပုံများနှင့် မြေပုံအချက်အလက်များကောက်ယူရာတွင် ခေတ်မမီတော့သည့် နည်းပညာများ အသုံးပြုခြင်းကြောင့် အားနည်းချက်များစွာရှိသော စာရွက်မြေပုံစနစ်မှ မြေပုံများနှင့် အချက်အလက်များ၏ အရေးပါမှုကို တိကျမှန်ကန်စွာ ဆောင်ရွက်ပေးနိုင်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအသုံးဝင်အရေးပါသော နိုင်ငံတကာအဆင့်မီ အသုံးပြုနေတဲ့ လက်ရှိ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများ၌ အသုံးပြုနေသော One Map စနစ် အမျိုးသားမြေပုံစနစ် စီမံကိန်းဖြစ်တဲ့ (GIS) ကွန်ပျူတာစနစ်သုံး တစ်မျိုးတည်းသော မြေပုံစနစ်ကို ပြုစုအသုံးပြုရမည်ဖြစ်ပါတယ်။ GIS ကွန်ပျူတာစနစ်သုံး မြေပုံကို အသုံးပြုခြင်းသည် သမားရိုးကျမြေပုံများထက် လွန်စွာ အစွမ်းထက်ထိရောက်ကြောင်း တွေ့ရှိရပါတယ်။

ဎင်းမြေပုံပေါ်တွင် သစ်တောမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ စိုက်ပျိုးရေးမြေ၊ စားကျက်မြေ၊ ကြိုးဝိုင်းမြေ၊ ဓာတ်သတ္တုတူးဖော်သည့်မြေ၊ ရွာမြေ၊ မြို့မြေ စသည့် မြေအမျိုးအစား အမျိုးမျိုးကိုလည်း ထည့်သွင်းနိုင်သည့်အပြင် မြေတစ်မျိုးနှင့်တစ်မျိုး အချက်အလက်များ မထပ်အောင် ထည့်သွင်းနိုင်ပါတယ်။ ဎင်းအပြင် အခြားအချက်အလက်များကိုလည်း တည်နေရာနဲ့ ချိတ်ဆက်ပေးနိုင်ပါတယ်။ မြေပုံပေါ်ရှိ အချက်အလက်များကိုလည်း ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖလှယ်ခြင်း၊

လုပ်ဆောင်ချက်များကို လွယ်ကူစွာ ပြုလုပ်နိုင်သလို အခြားအဆင့်မြင့် စမ်းသပ်ချက်များကိုလည်း ပြုလုပ်နိုင်ပါတယ်။

ဥပမာ ဘေးအန္တရာယ်ကျရောက်နိုင်မှု မြေပုံထုတ်လုပ်ခြင်း၊ သင့်တော်သည့်နေရာရှာဖွေခြင်း၊ လုပ်ငန်းတစ်ခုတည်ထောင်ရန် သင့်တော်မှုရှိ/မရှိ ဆန်းစစ်ခြင်း၊ သစ်တောပြုန်းတီးမှုလေ့လာခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာသောအခါ အကြီးစားမြေယာချထားမှုများ ဆောင်ရွက်ပေးရာတွင်လည်း မြေပုံများသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ချထားပေးမည့် မြေ၏တည်နေရာနှင့် အကျယ်အဝန်းကို ရှင်းလင်းစွာ သတ်မှတ်ပေးခြင်း ယင်းမြေနှင့် ယခင်က ချထားပေးသည့် မြေအတန်းအစားများနှင့် ထပ်နေခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ကိုင်နေမှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးရာတွင် အလွန်အသုံးဝင်သည့် နည်းပညာများဖြစ်ပါတယ်။

GIS ကွန်ပျူတာစနစ်သုံး မြေပုံဖြစ်တဲ့အတွက် မြေပုံပေါ်မှာ မြင်ရတဲ့ အရာအားလုံးကို click တစ်ချက်နှိပ်ပြီး ဖတ်နိုင်ပါတယ်။ ဥပမာ မြေပုံပေါ်တွင် အဆောက်အအုံတစ်ခု တွေ့တာနဲ့ အဆောက်အအုံနဲ့ပတ်သက်တဲ့ စီးပွားရေး၊ လူမှုရေး အချက်အလက် အားလုံးကို သိရှိနိုင်သလို အချိန်နှင့်တစ်ပြေးညီ Update လုပ်နိုင်ပါတယ်။ မြေပုံစနစ်က Computer ထဲမှာ ရှိတဲ့အတွက် လိုအပ်တဲ့ သိရှိတဲ့အချက်အလက် အများကြီးကို တစ်ချိန်တည်း ဖြန့်ဝေပေးနိုင်သလို ဝေဖန်သုံးသပ်နိုင်ပါတယ်။ ရေကြီးရေလျှံနိုင်တဲ့နေရာကို ချက်ချင်းဝေဖန်သုံးသပ်နိုင်သလို ဘယ်နေရာမှာ ဘယ်သီးနှံ စိုက်ပျိုးနိုင်သည်ကိုလည်း အလွယ်တကူဆွဲထုတ်ပြီး လုပ်ပြနိုင်ပါတယ်။ အဲဒီလို တိကျကောင်းမွန်တဲ့ မြေပုံစနစ်တွေ မရှိတဲ့အတွက် လက်ရှိ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ကျားကြီးအော်ကျေးရွာဒေသမှာ ပုစွန်မွေးမြူရေးလုပ်ဖို့ ဒီရေတော အပြောင်ရှင်းရုံမက လုပ်ခွင့်မကျဘဲ ကိုယ့်သဘောနဲ့ကိုယ် ကိုယ့်မြင်းကိုယ်စိုင်းတဲ့ လုပ်ရပ်ကို တာဝန်ရှိသူအပိုင်းကလည်း တိုင်းဒေသကြီးအစိုးရကိုပဲ ဘောလီဘောပုတ်ခဲ့တယ်။ ရှေ့တစ်ပတ်က လွှတ်တော်မေးခွန်းရဲ့ အဖြေ မကျေနပ်တာကလွဲလို့ လက်လျှော့နေခဲ့ရပါတယ်။ တကယ်လို့ GIS ကွန်ပျူတာစနစ်သုံး မြေပုံရှိပြီးသားဖြစ်ခဲ့ရင် ဒီပြဿနာ ဒီမေးခွန်းမေးဖို့တောင် မလိုပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုအနည်းဆုံးနဲ့ သစ်တောအထူထပ်ဆုံး တနင်္သာရီတိုင်းဒေသကြီးကို ၁၉၉၀ ခုနှစ်က ဆီအိုးကြီးဖြစ်ရမယ်လို့ သတ်မှတ်ပြီး အချက်အလက်အားနည်းတဲ့ စာရွက်ပေါ်မှာ ဆွဲထားတဲ့ မြေပုံကို အခြေခံပြီး လက်ရှိ အောက်ခြေမြေပြင်အချက်အလက်တွေကို ကွင်းဆင်းစစ်ဆေးခြင်းမရှိဘဲ ကုမ္ပဏီတွေကို ခွင့်ပြုချက်ချပေးခဲ့လို့ ဒေသခံတွေ အသုံးပြုနေတဲ့ စိုက်ပျိုးမြေတွေ၊ စားကျက်မြေတွေ၊ ကျေးရွာမြေတွေ ပါဝင်သွားခဲ့ပါတယ်။ ဒေသခံပြည်သူတွေအတွက် ဘာမှမစဉ်းစားဘဲ ပါမစ်ချပေးခဲ့တဲ့အတွက် အောက်ခြေမြေပြင်မှာ မြေယာပြဿနာတွေ ပိုမိုရှုပ်ထွေးခဲ့ရပါတယ်။ ဌာနတွေက ကိုယ့်မူဝါဒနဲ့ကိုယ် အကောင်အထည်ဖော်ပြီး မတူညီတဲ့ ပါမစ်တွေ ချထားပေးခဲ့လို့ တချို့ကို တိုင်းဒေသအစိုးရက ပါမစ်ချပေးပြီး၊ တချို့ကို ဗဟိုအစိုးရက ချပေးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မြေပြင်မှာ ရှုပ်ထွေးမှုဖြစ်ပေါ်ခဲ့ရာ ဖော်ပြပါအတိုင်း မြေယာအမှုအခင်းများစွာဟာ ဖြေရှင်းလို့မရလောက်အောင် အခက်အခဲများစွာ ရှိခဲ့လို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဆီအိုး မဖြစ်ဘဲ ပြဿနာအိုး ဖြစ်ခဲ့ရပါတယ်။ စိုက်ပျိုးရေးကုမ္ပဏီကြီးများကို ချပေးခဲ့သော မြေယာများကလည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ မြေအတန်းစားနှင့် သစ်တောမြေ၊ ဒီရေတောမြေများ ပါဝင်ပြီး တစ်ခုနဲ့ တစ်ခုလည်း ထပ်နေကြောင်း ကုမ္ပဏီတစ်ခုကို ချပေးသော စိုက်ပျိုးမြေဟာ အခြားကုမ္ပဏီတစ်ခုကို ချထားပေးသော စိုက်ပျိုးမြေနဲ့ ထပ်နေကြောင်း တွေ့ရှိရပါတယ်။ ၎င်းအပြင် အချို့စိုက်ပျိုးရေး ကုမ္ပဏီကြီးများဟာ အနည်းငယ်သာစိုက်ပျိုးပြီး သစ်ထုတ်လုပ်ခြင်း၊ အချို့ စိုက်ပျိုးရေးကုမ္ပဏီကြီး များကတော့ ခွင့်ပြုမိန့်လည်းမကျ လျှောက်ထားခြင်းလည်းမရှိဘဲ ကျူးကျော်စိုက်ပျိုးထားခြင်းကြောင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများတွင် ကျူးကျော်စိုက်ပျိုးထားခြင်းများ တွေ့ရှိနေရသဖြင့် မြေယာ ပြဿနာဟာ ရှင်းရခက်လောက်အောင် ရှုပ်ထွေးခဲ့ရပါတယ်။

ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်ရှိ စိုက်ပျိုးရေး ကုမ္ပဏီတစ်ခုဖြစ်တဲ့ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီဟာ ပါမစ်ချပေးခဲ့သော ခွင့်ပြု စိုက်ပျိုးမြေ ကိုကျော်လွန်ပြီး ခွင့်ပြုချက်မရ၊ လျှောက်ထားခြင်းလည်းမရှိဘဲ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေ များကို ကျူးကျော်ပြီး ဆီအုန်းပင်များစိုက်ပျိုးထားသည်ကို ယခုအချိန်အထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးကြောင်း တွေ့ရပါတယ်။ ဒါကြောင့် အမှန်တကယ် GIS ကွန်ပျူတာစနစ်သုံး တစ်မျိုး တည်းသော မြေပုံစနစ်သာရှိနေခဲ့လျှင် ၎င်းမြေယာပြဿနာများကို ယခုထက်ပိုပြီး လွယ်ကူစွာ ဖြေရှင်း နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းသော မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် မြေယာဆိုင်ရာ အချက်အလက်များ ရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည် စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ထိုင်းနိုင်ငံတွင် ဒီရေတောများ ဇကသိန်းချီ၍ စိုက်ပျိုးပြုစုထိန်းသိမ်းထားသည့် မြင်ကွင်းပုံ (ပပ)



မြိတ်ခရိုင်တွင် ထိန်းသိမ်းရမည့် ဒီရေတောများကို အပြောင်ရှင်းလင်းပြီး ပုဇွန်ကန်များ ခွင့်ပြုချက်မဲ့ ပြုလုပ်ထားသည့် မြင်ကွင်းပုံ (ပပ-၁)



တောင်ဒဂုံကုမ္ပဏီမှ ဆီအုန်းစိုက်ပျိုးရန်ရယူထားသော မြေဧရိယာနှင့် စိုက်ပျိုးပြီးစီးမှုအား ဖော်ပြသည့် မြေပုံကြမ်း မြင်ကွင်းပုံ (ပပ-၂)




**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုကိုလေ့လာကြည့်တဲ့အခါ Point of View က မူလ အခြေခံလိုအပ်ချက်ဖြစ်တဲ့ တစ်မျိုးတည်းသောမြေပုံ One Map စနစ် ဆောင်ရွက်ရန်ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ ယခင် ခေတ်အဆက်ဆက်မှာ အမျိုးသားမြေအသုံးချမှုမူဝါဒ မရှိခဲ့ခြင်း ၊ အမျိုးသားမြေ

ဥပဒေ (National Land Law) မပြဋ္ဌာန်းနိုင်ခြင်း၊ တိကျမှန်ကန်တဲ့ တစ်မျိုးတည်းသောမြေပုံ မရှိခဲ့ခြင်းတို့ကြောင့် မြေနှင့်ပတ်သက်တဲ့ပြဿနာများ ရှင်းမရအောင် ပေါ်ပေါက်နေဆဲဖြစ်ပါတယ်။ မြေအရင်းအမြစ်များနဲ့ ပတ်သက်ပြီး အငြင်းပွားမှု(၅)မျိုး ခွဲခြားနိုင်ပါတယ်။ (၁)မြို့မြေ၊ ရွာမြေဆိုင်ရာ အငြင်းပွားမှု၊ (၂) လယ်ယာမြေဆိုင်ရာ အငြင်းပွားမှု၊ (၃) မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ အငြင်းပွားမှု၊ (၄)သိမ်းဆည်းခံမြေဆိုင်ရာ အငြင်းပွားမှု၊ (၅) အခြားမြေများဆိုင်ရာ အငြင်းပွားမှု စသဖြင့် ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေတို့အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇)ကို တစ်နိုင်ငံလုံးရဲ့ (၈၇)ရာခိုင်နှုန်းခန့် ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ ပုံစံ(၇) ထုတ်ပေးရာမှာ မြေစာရင်းပုံစံ (၁၀၅)ကိုလည်း ပူးတွဲထုတ်ပေးရပါတယ်။ မြေစာရင်းပုံစံ(၁၀၅) တည်နေရာပြမြေပုံကို အင်္ဂလိပ်ခေတ်က တိုင်းတာရေးဆွဲခဲ့တဲ့ မြေပုံကို အခြေခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်လို့ လက်ရှိမြေပြင် အနေအထားတို့နဲ့ ကိုက်ညီမှုမရှိဘဲ လွဲချော်မှုတွေ ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံကို အုပ်ချုပ်တဲ့ အစိုးရတွေအတွက် မြေယာအုပ်ချုပ်ရေး (Land Administration)၊ မြေယာစီမံခန့်ခွဲရေး (Land Management)၊ မှန်ကန်တဲ့ မြေအသုံးချမှုမူဝါဒ(Land Used Policy)၊ မြေယာဝေခြမ်းရေး (Land Allocation)တို့ဟာ တိကျသေချာခိုင်မာတဲ့ အချက်အလက် အထောက်အထားများ လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီကို တိုင်ကြားလာတဲ့စာများနဲ့ပတ်သက်ပြီး ပုံစံ(၇) ထုတ်ပေးရာမှာ ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ဧရိယာဧက အစရှိသဖြင့် တည်နေရာပြမြေပုံ မြေစာရင်းပုံစံ (၁၀၅)မှာ ထပ်တူဖြစ်နေကြောင်း မြေယာ အငြင်းပွားမှုပြဿနာများ ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ ဒီလိုဖြစ်ရတာဟာ ခိုင်မာမှန်ကန်တဲ့ မြေယာအချက်အလက်များ ပါဝင်တဲ့ မူလအခြေခံလိုအပ်ချက်ဖြစ်တဲ့ တစ်မျိုးတည်းသောမြေပုံ One Map မရှိခြင်းကြောင့်ဖြစ်ပါတယ်။ တစ်ခုတည်းသော မြေပုံစနစ် ဖော်ဆောင်တဲ့အခါမှာ ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေဖြင့် မြေသိမ်းဆည်းမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေတဲ့ နယ်နိမိတ်များ၊ ပြည်တွင်းမြေယာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတည်နေရာများ အစရှိသည်တို့ရဲ့ တိကျမှန်ကန်ခိုင်မာမှု လိုအပ်ပါတယ်။

မြေအသုံးချမှု စီမံခန့်ခွဲခြင်း (Land Used Administration) ဆောင်ရွက်ရာမှာ မြေအမျိုးအစားနှင့် မြေအတန်းအစားများ သတ်မှတ်ခြင်း (Determination of Land Types and Land Classifications)၊ မြေနှင့်သက်ဆိုင်တဲ့ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း (Land Information Management) တို့ဟာ လွန်စွာ အရေး ပါ ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိကျခိုင်မာမှန်ကန်တဲ့ မြေယာအချက်အလက်များ ပါဝင်တဲ့ တစ်မျိုးတည်းသော မြေပုံ One Map မရှိသေးတဲ့အတွက် ယနေ့အထိ လယ်ယာမြေ ပုံစံ(၇) ထုတ်ပေးနိုင်ခြင်းမရှိသော ပြဿနာများ၊ မှတ်ပုံတင်၍ မရနိုင်တဲ့ စိုက်ပျိုးမြေယာများ၊ စားကျက်မြေ၊ သစ်တောမြေတို့မှာ တရားမဝင်နှစ်ပေါင်းများစွာ ကျူးကျော်ဝင်ရောက်နေထိုင် လုပ်ကိုင်နေသော ပြဿနာများ မြေကွက်တစ်ခုကို ဂရန်(၂)ခု ချထားပေးလို့ ဂရန်ထပ်တာတွေ အစရှိတဲ့ မြေပြဿနာများ ပေါ်ပေါက်လျက်ရှိပါတယ်။

သို့အတွက် တိကျမှန်ကန်ခိုင်မာတဲ့ တစ်မျိုးတည်းသော မြေပုံစနစ် One Map Project ကို ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၁။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုဟာ လက်ရှိနိုင်ငံတော်ရဲ့ မြေယာစီမံခန့်ခွဲမှုအပိုင်း စနစ်တကျ အားကောင်းလာစေရေးအတွက် ရှေးရှုတဲ့ အဆိုတစ်ရပ် ဖြစ်ပါတယ်။ ယင်းအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း အသီးသီး သုံးသပ်အကြံပြု ဆွေးနွေးကြပြီး ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရဲ့ သုံးသပ်ဖြေကြားချက်များနဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ရှင်းလင်းတင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာ အရပ်ဖက်၊ နယ်ဖက်အဖွဲ့အစည်းအသီးသီးတို့အနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လုပ်ငန်းရဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေကို ပေါက်မြောက်အောင်မြင်ဖို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေကို လုပ်ငန်းရည်ရွယ်ချက်နဲ့ ကိုက်ညီတဲ့ မြေပုံစနစ်တစ်ခုပေါ်မှာ အခြေခံတဲ့ သတင်းအချက်အလက်စနစ် (Geospatial Information System - GIS) ကို တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့နိုင်ငံမှာလည်း အလားတူ မြေပုံကိုအခြေခံတဲ့ သတင်းအချက်အလက်စနစ် တည်ထောင်ခြင်းအားဖြင့် သတင်းအချက်အလက် သက်သက်ကိုသာမက သတင်းအချက်အလက်ရဲ့ တည်နေရာကိုပါ ဖော်ပြနိုင်အောင် One Map Myanmar စနစ်ကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

တစ်မျိုးတည်းသော မြေပုံစနစ် One Map Myanmar ဟာ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ရည်မှန်းချက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ လွယ်ကူစွာရရှိရေး၊ သက်ဆိုင်ရာဌာနအသီးသီးကလည်း ပြည်သူလူထုကို ဖြန့်ဝေပေးနိုင်တဲ့ သတင်းအချက်အလက်များ လွယ်ကူပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးနိုင်ရေးအတွက် တစ်မျိုးတည်းသော စနစ်အပေါ်မှာ အခြေခံတဲ့ သတင်းအချက်အလက်စနစ် ပေါ်ထွန်းရေး ဆောင်ရွက်မှု အစီအစဉ် ဖြစ်ပါတယ်။ မည်သည့် Skills

မည်သည့်မြေပုံစနစ်ကို အသုံးပြုစေကာမူ မြေပုံပေါ်မှာ ဖော်ပြထားတဲ့ သတင်းအချက်အလက် စာရင်းဇယားတွေရဲ့ ပြည့်စုံမှန်ကန်မှုရှိဖို့က အဓိက ဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်လျက်ရှိတဲ့ One Map Myanmar စီမံကိန်းဟာ ယခု မိမိတို့ မြေယာစီမံခန့်ခွဲမှုအတွက် ထူထောင်သွားမယ့် Website အတွင်းကို ဝင်ရောက်ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတော်အတွက် စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လိုတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေနဲ့ လိုအပ်တဲ့သတင်းအချက်အလက်တွေကို လွယ်ကူလျင်မြန်မှန်ကန်စွာ ရရှိစေမှာဖြစ်လို့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အုပ်ချုပ်မှုဆိုင်ရာ အားလုံးကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့လည်း ဦးစီးဦးဆောင်ပြုပြီး အမျိုးသားမြေယာအသုံးချမှုမူဝါဒကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ အတည်ပြု ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မူဝါဒပါ အပိုင်း(၂)၊ အခန်း(၃)မှာ မြေနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းတွေကို ဆောင်ရွက်ရန် ပါရှိပြီးဖြစ်ပါတယ်။ ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေရဲ့ မြေအသုံးချမှုဆိုင်ရာ ကိန်းဂဏန်းများစုစည်းမှု မြေပုံရေးဆွဲသည့်စနစ်များ စံပြုထားတဲ့ တစ်မျိုးတည်းသော အမျိုးသားမြေပုံဆိုင်ရာ စနစ်ဖြစ်တဲ့ One Map Myanmar ကို မူဝါဒနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ One Map Myanmar စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ Swiss Agency for Development and Cooperation (SDC)ရဲ့ ရန်ပုံငွေကြေး အကူအညီနဲ့ Centre for Development and Environment(CDE) ဆွစ်ဇာလန်က နည်းပညာပိုင်း ပံ့ပိုးကူညီမှုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေ ပိုမိုထိရောက်စေဖို့ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာအမျိုးသားမြေပုံစနစ် နည်းပညာဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ဗဟိုအဆင့် (One Map Myanmar Technical Unit)တို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ မြေယာစီမံခန့်ခွဲမှုကို သက်ဆိုင်ရာ မြေမျိုးအလိုက်စပ်လျဉ်းတဲ့ ဥပဒေ အသီးသီး ပြဋ္ဌာန်းမှုနဲ့အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက စီမံအုပ်ချုပ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို စီမံအုပ်ချုပ်ခန့်ခွဲ ဆောင်ရွက်တဲ့နေရာမှာ အဓိကအားဖြင့် မိမိတို့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနနဲ့ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီတို့အပါအဝင် အဖွဲ့အစည်းအသီးသီးတို့ဟာ ယင်းတို့ရဲ့ မှတ်တမ်းတင်ပြုစုထားတဲ့ စာရင်းမြေပုံတွေကို အခြေခံထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့နိုင်ငံရဲ့ မြေယာစီမံခန့်ခွဲအုပ်ချုပ်ရေးအပိုင်းမှာ ပေါ်ပေါက်နေတဲ့ မြေယာပြဿနာတွေဟာ မြေပုံစနစ်အားနည်းချက်တစ်ခုတည်းကြောင့်သာမဟုတ်ဘဲနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေအပေါ် သိမြင်သဘောပေါက်မှု အားနည်းခြင်း၊ လိုက်နာမှု အားနည်းခြင်းနဲ့ အကောင်အထည်ဖော် စီမံခန့်ခွဲကြရသူများရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချက် အကန့်အသတ်တွေအပေါ်မှာ မူတည်ပြီးတော့မှ မြေယာပြဿနာတွေ ဖြစ်ပေါ်ခဲ့ရတဲ့ အကြောင်းအရင်းများ ရှိနေတယ်ဆိုတာကို သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပိုမိုတိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ ရရှိရေးအတွက် Digital စနစ်နဲ့ ကွင်းဖွဲ့တိုင်းတာခြင်းလုပ်ငန်းတွေကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကွင်းဖွဲ့တိုင်းတာရန်ကျန်နေသေးတဲ့ လယ်ယာမြေတွေကိုလည်း နှစ်စဉ် စီမံချက်ချပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြေပုံစနစ်တစ်မျိုးတည်းတွင် မြို့ပြနဲ့ကျေးလက်ရှိ မြေကွက်အားလုံးအတွက် ကွက်စိပ်မြေပုံများ ထုတ်လုပ်နိုင်ရန် ကိစ္စရပ်အပေါ်မှာလည်းပဲ လက်ရှိ ခွင့်ပြုဘဏ္ဍာငွေရရှိမှုနဲ့ ခေတ်မီ Digital စနစ် မြေပုံများကို ထုတ်လုပ်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ မြို့မြေ၊ ရွာမြေ ဧရိယာဧက (၁.၇)သန်းခန့်ရှိတဲ့အတွက် အဆိုပါမြေအားလုံး တိုင်းတာဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ထိုက်သင့်တဲ့ အချိန်ကာလတစ်ခု လိုအပ်မှာဖြစ်ပြီးတော့ အသုံးပြုတဲ့ နည်းပညာအပေါ်မှာ အခြေခံပြီး ဘဏ္ဍာငွေကြေးလိုအပ်ချက်နဲ့လည်း အထူးပင်များပြားနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ မြေယာကဏ္ဍနဲ့ပတ်သက်ပြီး ပြည်သူလူထုအတွက် အသိပညာ တိုးပွားရေးအတွက်ကိုလည်း Public Awareness ရရှိဖို့ အသိပညာပေး ဆွေးနွေးမှုတွေကိုလည်း ဆောင်ရွက်လျက်ရှိတဲ့နည်းတူ မြေယာဥပဒေများ ခေတ်ကာလနဲ့လျော်ညီစွာ ပြင်ဆင်နိုင်ရေးအတွက်ကိုလည်းပဲ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာအုပ်ချုပ်ရေးကဏ္ဍမှာ တစ်မျိုးတည်းသော မြေပုံစနစ်အပေါ်အခြေခံတဲ့ သတင်းအချက်အလက်စနစ် One Map Myanmar အပါအဝင် လုပ်ငန်းများအတွက် ခိုင်မာမှန်ကန်တဲ့ မြေယာဆိုင်ရာ အချက်အလက်များရရှိရေးနဲ့ စပ်လျဉ်းပြီး နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေကြေး စတဲ့အကန့်အသတ်တွေကို နိုင်ငံရဲ့ တည်ရှိပြီးအရင်းအမြစ်များ နိုင်ငံတကာအကူအညီများနဲ့ မိမိတို့ စွမ်းဆောင်နိုင်စွမ်းအပေါ်မှာ အခြေပြုမြှင့်တင်ပြီး ရေရှည်ကို မျှော်မှန်းလျက် အဆင့်အလိုက် သတ်မှတ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့ သဘောထားကို တင်ပြပေးပါ။

**အချိန်၊ ၁၄း၂၈။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အစိုးရက မြေယာများကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်စီမံနိုင်ရေးအတွက် ရွေးရှုပြီးတော့ မိမိတို့ရဲ့ အတွေ့အကြုံများ၊ အသိပညာများကို အခြေခံပြီးတော့ ရှုထောင့်ပေါင်းစုံကနေပြီးတော့ အမြော်အမြင်ကြီးမားစွာနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက ဆွေးနွေးသွားခဲ့ကြတဲ့ အချက်များထဲမှာ တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးဆွဲဖို့နဲ့ မြေကြီးမှန်သမျှကို ကျေးရွာမြေ၊ မြို့မြေအပါအဝင် မြေယာမှန်သမျှကို မှတ်ပုံတင်ထားရှိရေးဟာ မည်မျှအရေးကြီးကြောင်း ဆွေးနွေးခဲ့ကြတာကို အားလုံးအသိဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ One Map မြေပုံစနစ် ပြုလုပ်နေသော်လည်းပဲ (၈)နှစ်တာ စီမံကိန်းမှာ (၄)နှစ်ခန့်လောက် ရောက်လာတဲ့အချိန်အထိ Pilot Project (၃)ခုလောက်သာ လုပ်နိုင်သေးတာကိုလည်း တွေ့ရပါသေးတယ်။ ဒီကြားထဲမှာ ခုနက ဝန်ကြီး ရှင်းပြတဲ့ အထဲမှာလည်း ဘဏ္ဍာငွေ အကန့်အသတ်လည်း ရှိနေလို့ မလုံလောက်တဲ့အကြောင်းလည်း ပေါ်လွင်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကြီးရဲ့ အဆုံးအဖြတ်ကို ရယူလိုပါကြောင်း ဥက္ကဋ္ဌကြီးက တစ်ဆင့် တင်ပြလိုပါတယ်။ ကျေးဇူးပါ။

**အချိန်၊ ၁၄း၂၉။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံ လိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့်မြေယာ အားလုံးကို ပြုစုမှတ်တမ်းတင် ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ များပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲ များပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၄၂)မဲ၊ ကန့်ကွက်မဲ(၉)မဲ၊　ကြားနေမဲ(၆)မဲဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထား ပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၂။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာကော်မတီက ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းတဲ့ အစီရင်ခံစာ (၂/၂၀၁၈)ကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ တိုင်ကြားစာပေါင်း (၇၀၀၀)ကျော်ကို ပြီးစီးအောင် ဖတ်ရှုစစ်ဆေးပြီး အမျိုးအစားများခွဲခြားကာ သက်ဆိုင်ရာသို့ ပေးပို့ပြီး ပြည်သူများသို့ ပြန်လည်ပြန်ကြားပေးနိုင်ခဲ့တဲ့ ကြိုးစားအားထုတ်မှုကို လေးစားပါကြောင်း ပြောကြားလိုပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာဟာ ဘာကိုပြသလဲဆိုရင် ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်ကြီးရဲ့ကော်မတီဟာ ပြည်သူတွေနဲ့ လွှတ်တော်ကြီးရဲ့ကိုယ်စား အခြား မဏ္ဍိုင်(၂)ခုဖြစ်တဲ့ အုပ်ချုပ်ရေးနဲ့ တရားရေးမဏ္ဍိုင်များကို ပြည်သူ့ကိုယ်စား ထိန်းကျောင်းတဲ့လုပ်ငန်း ကြီးကို ကောင်းမွန်စွာ လုပ်ဆောင်နေပြီဆိုတာကို ပြသတာဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ရဲ့ အဓိကလုပ်ငန်းကြီးဖြစ်တဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းဟာ အစစ်အမှန် သက်ဝင် လှုပ်ရှားနေပြီဆိုတာကို ပြသတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ပေးပို့သည့် အမှုတွဲ(၇၄၆)တွဲမှာ (၂၈၆)တွဲသာ ပြန်ကြားခဲ့တာကိုတွေ့ရပြီး (၄၆၀)ပြန်ကြားရန် ကျန်ရှိ နေသေးတာကို တွေ့ရပါတယ်။ (၃၈.၃၃)ရာခိုင်နှုန်းသာ ပြန်ကြားနိုင်ခဲ့တာကို တွေ့ရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းကြောင့်လား၊ အထောက် အကူပြုဒီမိုကရေစီယန္တရားရဲ့ နှောင့်နှေးကြန့်ကြာမှုကြောင့်လားဆိုတာ ဆန်းစစ်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များဟာ မိမိတို့သက်ဆိုင်ရာ အစိုးရအဖွဲ့များကို ဒီ ကြန့်ကြာမှုများမဖြစ်အောင် ထိန်းကျောင်းတွန်းအားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ နောက်ပြီး

အစီရင်ခံစာမှာ အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများကို ကော်မတီက စိစစ်တွေ့ရှိချက်နှင့်အတူ အမှုတွဲများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့ခဲ့ရာ ကော်မရှင်မှ အထူးအလေးထား ဆောင်ရွက်ပေးခဲ့ပါသည်ဟု အစီရင်ခံထားတဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား အထူးလေးစားအပ်ပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

နိုင်ငံသားများနှင့် တိုင်းပြည်ဆင်းရဲတွင်းနက်ရခြင်း အကြောင်းများအနက် အဂတိလိုက်စားမှုဟာ အဓိက အကြောင်းအရင်း တစ်ခုဖြစ်နေတဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လွှတ်တော်ကြီးက ပေးပို့သော တိုင်ကြားစာအမှုတွဲများကို အထူးအလေးပေး ဆောင်ရွက်ခြင်းကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ တဖြည်းဖြည်း အဂတိ ကင်းစင်လာတဲ့ နိုင်ငံကြီးဖြစ်လာပြီး နိုင်ငံသူ၊ နိုင်ငံသားများရဲ့ လူမှုစီးပွားဘဝ တိုးတက်သာယာဝပြောလာမှာ ဖြစ်ပါတယ်။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ (၂/၂၀၁၈) အစီရင်ခံစာမှာ ပြည်ထဲရေးဝန်ကြီးဌာနကို ပေးပို့တဲ့အမှုတွဲများ (၁၅၀)မှာ (၈၁)ခုသာ ပြန်ကြားနိုင်တဲ့အတွက် (၅၄) ရာခိုင်နှုန်းသာ ပြန်ကြားခဲ့တာ တွေ့ရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဟာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို အဓိကထား ဆောင်ရွက်နေရသည့် အဖွဲ့အစည်းဖြစ်တာကြောင့် ယခုထက် ပိုမိုအလေးထားပြီး ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ပေးပို့တဲ့ အမှုတွဲများကို ကိုင်တွယ်ဖြေရှင်းပြန်ကြားရန် လိုအပ်ပါကြောင်း ယူဆပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာ တိုင်ကြားသူ ပြည်သူလူထုထံမှ ကော်မတီအား ကျေးဇူးတင်ကြောင်း ပေးပို့စာများ လက်ခံရရှိခြင်းနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ကျေးဇူးတင်ကြောင်း ပြောကြားခြင်းတို့ကို လက်ခံရရှိကြောင်း ဖော်ပြထားခြင်းကြောင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို တိုးတက်ရရှိလာကြောင်း သိရတဲ့အတွက် ကော်မတီကြီးနှင့် လွှတ်တော်ကြီးအတွက် ဂုဏ်ယူကြောင်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်အစစ်ဖြစ်တဲ့ ပြည်သူတို့နှင့် လွှတ်တော်ကြီးကိုယ်စား ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့အား ထိန်းကျောင်းပေးခြင်းဟူသော ဒီမိုကရေစီ အနှစ်သာရကို ရုပ်လုံးပေါ်အောင် ကြိုးပမ်းဆောင်ရွက်မှုအား လေးစားဂုဏ်ယူပါကြောင်းဖြင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၆။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဒီ ကော်မတီရဲ့အစီရင်ခံစာ ရည်ရွယ်ချက်ကိုကြည့်လို့ရှိရင် ကော်မတီရဲ့ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ အားလုံးကို တိုင်ကြားစာနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီးတော့ လမ်းညွှန်မှုရယူပြီး သက်ဆိုင်ရာအဖွဲ့အစည်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဖို့။ အဲဒီအထဲမှာ ဘာပါသလဲဆိုရင် ပြည်သူများ၏ လိုလားချက်များ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးရန် ဆိုတာ ပါ ပါတယ်။ အဲဒီတော့ နစ်နာမှုဆိုတာကို ကူညီတဲ့နေရာမှာ Remedy ဒါတွေကို ဘယ်လို ကုစားမလဲဆိုတာ စဉ်းစားဖို့လိုတဲ့အခါမှာ ဒီထဲမှာ မပါတာကို ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ လူ့အခွင့်အရေးကော်မရှင်ရှိတာတော့ မှန်တယ်။ ဒါပေမဲ့ ဆုံးရှုံးမှုကို ဘယ်လိုကုစားမလဲ။ ကုစားနိုင်ဖို့ အစီအစဉ်တွေကိုလည်းပဲ ဒီကော်မတီအနေနဲ့က ထည့်စဉ်းစားဖို့လိုပါတယ်။

နောက်တစ်ချက် ကျွန်တော့်အနေနဲ့ တင်ပြလိုတာက တိုင်ကြားစာများကို စိစစ်တဲ့အခါမှာ ဒီအထဲမှာပါနေတဲ့ ငပုတောမြို့နယ်ထဲက ငရုတ်ကောင်းသဲဖြူကျေးရွာ၊ ရဝတ အုပ်ချုပ်ရေးမှူး အဟောင်းက အသစ်ကို ၄ - ၄ - ၂၀၁၆ ရက်နေ့ကတက်တဲ့ ဒီပုဂ္ဂိုလ်က (၂)ရက်၊ (၃)ရက်အတွင်းမှာပဲ ပုသိမ်ကိုသွားပြီးတော့ မြေယာကို သွားရောင်းတယ်။ အပေါ်က လူကြီးတွေဆီကို သွားရောင်းတာကို ပြန်လာတဲ့အခါမှာ အဲဒီ ဦးသိန်းရွှေ ရဲ့ တိုင်ကြားချက်အရ ဦးသိန်းရွှေ တိုင်တာက ဘာတိုင်လဲဆိုရင် ကျွန်တော် ဒီထဲမှာ ဖတ်ကြည့်တော့ ဦးသိန်းရွှေ တိုင်တာပဲပါတယ်။ မပြည့်စုံဘူး။ တိုင်တဲ့အခါကျတော့ စာရေး ဦးတင်ဝင်း သဲဖြူကျေးရွာက ဆေးခန်းမြေနေရာရောင်းစားတဲ့ကိစ္စ စာရေး ဦးတင်ဝင်း က လုပ်ငန်းတာဝန်တွေအတွက် မထမ်းဆောင်ဘဲနဲ့ လစဉ်ထောက်ပံ့ကြေး(၃၀၀၀)ယူတဲ့ကိစ္စ နောက် မြေဝယ်သူ အုပ်စုဖွံ့ဖြိုးရေးအတွက် လှူဒါန်းတဲ့ ငွေကျပ်သိန်း(၁၀၀)ကို ကျေးရွာအုပ်ချုပ်ရေးမှူးက တရားမဝင် လုပ်နေတဲ့ကိစ္စဆိုပြီး တိုင်တယ်။ တိုင်တဲ့အခါကျတော့ ကျွန်တော်တို့ တိုင်ကြားစာဆိုင်ရာကော်မတီက တိုင်ကြားစာကို အရေးယူဆောင်ရွက်ဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဏ)နဲ့အညီ အမျိုးသားလွှတ်တော်ကနေပြီးတော့ ကော်မရှင်ကို လွှဲပေးတယ်။ တိုင်တာက ငွေကျပ်သိန်း(၁၀၀)ကိစ္စကို တိုင်တာ။ ကော်မရှင်ရောက်တဲ့အခါကျတော့ ကျေးရွာဥက္ကဋ္ဌက အလှူခံထားပြီးတော့ ကျေးရွာဖွံ့ဖြိုးရေးတံတားအတွက်ဆောက်တဲ့ (၆)သိန်းကိစ္စဖြစ်နေတယ်။ တိုင်တာက သပ်သပ်။ အရေးယူတာက သပ်သပ်။ အဲဒီ(၆)သိန်းကလည်းပဲ သူကိုယ်တိုင် စားတာမဟုတ်ဘူး။ ကျေးရွာဖွံ့ဖြိုးရေးကို ပေးလိုက်တာ။ အဲဒီမှာ တိုင်ကြားစာနဲ့ တကယ့်ဖြစ်ရပ်နဲ့က လွဲနေတဲ့အတွက် အရပ်စကားပြောရင် ယုန်ထောင်ကြောင်မိလို့ပဲပြောပြော၊ ဒါမှ မဟုတ်လို့ရှိရင်လည်း ငါးမရလို့ရေချိုးပြန်တာပဲပြောပြော အဲဒီလို ပုံစံမကျတာကိုတွေ့ရတယ်။

ဒါကြောင့်မို့လို့ တိုင်ကြားတိုင်း ကျကျနန သေချာစစ်ဆေးပါ။ အခု ဒီ ကျေးရွာအုပ်ချုပ်ရေးမှူးက ၄ - ၄ - ၂၀၁၆ ရက်နေ့က အလုပ်ကိုယူတယ်။ ၇ ရက်နေ့မှာ ပြန်လာပြီးတော့ ၁၀ ရက်နေ့မှာ ဒီပိုက်ဆံကို ကျေးရွာဖွံ့ဖြိုးရေးလက်ထဲကိုအပ်ပြီးတော့ တံတားကို ဆောက်လိုက်တယ်။ ကြာလှပြီ ဒီကိစ္စက။ ဒါတွေကို သိရဲ့သားနဲ့ မဆိုင်တဲ့ကိစ္စ သိန်း(၁၀၀)ကို တိုင်တာလည်း ဒီထဲကိုပါသွားတယ်။ ဒါမျိုးတွေကို ကျွန်တော်တို့ ကော်မတီအနေနဲ့က သေချာစိစစ်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်ကြားစာနဲ့သက်ဆိုင်တဲ့ကိစ္စတွေကို အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေရဲ့ နည်းဥပဒေ အပိုဒ် ၈ (က)၊ (ခ) မည်သည့်ကိစ္စကိုသာ စစ်ဆေးရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားတဲ့အတွက် တိုင်ကြားမှုကိစ္စမှာ ထင်ကြေးနဲ့တိုင်တာတွေကို တွေ့လို့ရှိရင် ဒါ တိုင်ကြားခြင်း

မဟုတ်တဲ့အတွက် အမှုအခင်းအဖြစ်ကို ပြောင်းလဲသွားတာ ဒီလိုကိစ္စမျိုးတွေ ကျကျနန ကျွန်တော်တို့ ကော်မတီတွေက စစ်ဆေးဖို့လိုတယ်လို့ အကြံပြုပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၂။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးဝင်းအောင် ဖြစ်ပါတယ်။

ကျွန်တော်တို့ အခု ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီကို ဆွေးနွေးချက်နှင့် ပတ်သက် လို့ အနည်းငယ် ရှင်းလင်းလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ တိုင်ကြားစာနှင့် ပတ်သက်လို့ ဆွေးနွေးသွားတာကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာ တိုင်ကြားချက်များနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖော်ပြဖို့ အခက်အခဲရှိပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ လေ့လာလို ပါက ကော်မတီမှာ အသေးစိတ် လာရောက်ခွင့်တောင်းပြီး လေ့လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးမှာ တင်သွင်းလာတဲ့ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၂/၂၀၁၈)အား အမျိုးသားလွှတ်တော်ကြီးက သဘောတူလက်ခံ နိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၂/၂၀၁၈)ကို အတည်ပြုရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူ့ငွေစာရင်းကော်မတီ က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၄၅။**

**မန်းထွန်းကြိုင် (အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရုံးဝန်ထမ်းများ အားလုံး ကိုယ်ရောစိတ်ပါ အေးချမ်းကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင် မန်းထွန်းကြိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်ပေးချက်အရ အဋ္ဌမပုံမှန်အစည်းအဝေးကနေ ယခုကျင်းပဆဲ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၈ - ၃ - ၂၀၁၉ ရက်နေ့အထိ လုပ်ဆောင်ချက်များကို လွှတ်တော်ကြီးအား ဖတ်ကြားတင်ပြ အစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာအပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆောင်ရွက်ချက်လုပ်ငန်း အနှစ်ချုပ်ကိုသာ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာ**

**နိဒါန်း**

၅ - ၂ - ၂၀၁၆ ရက်နေ့မှာ ကော်မတီဝင်(၁၅)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ အရ ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ပြီး ၁၈ - ၉ - ၂၀၁၈ ရက်နေ့အထိ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ပေးအပ်ထားတဲ့

တာဝန်များကို ဆောင်ရွက်နိုင်ဖို့အတွက် အဌမပုံမှန်အစည်းအဝေးမှ ယနေ့အထိ **အမျိုးသားလွှတ်တော်ဆိုင်ရာ ပြည်သူ့ငွေစာရင်း**ကော်မတီ ညှိနှိုင်းအစည်းအဝေး(၁၆)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်ဒေါ်လာလျှင် (၁၅၇၀)ကျပ်နှုန်းဖြင့် ဒေါ်လာ (၃၄)သန်းကို (၂)ရက်အတွင်းဝယ်ယူခဲ့ခြင်း၊ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ထွက်ရှိနေခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် အစီရင်ခံစာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်)တို့၌ နိုင်ငံခြား တက္ကသိုလ်၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် ငွေစာရင်းခေါင်းစဉ်အလိုက် အသေးစိတ်ဖော်ပြသည့် အချက်အလက်များမပါရှိ၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့်လည်းကောင်း ကြားနာခြင်း(၂)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ဒီကော်မတီဝင်များထဲမှ(၇)ဦးဟာ ပြည်ထောင်စုလွှတ်တော်မှဖွဲ့စည်းထားတဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ JPAC မှာ ပါဝင်ပြီး အဌမပုံမှန်အစည်းအဝေးမှ ယခုအထိ JPAC အစည်းအဝေးကို (၇၀)ကြိမ် တက်ရောက်ခဲ့ပါတယ်။ ထို့အပြင် JPAC တွင် မပါဝင်သော အမျိုးသားလွှတ်တော်၊ ပြည်သူ့ ငွေစာရင်းကော်မတီဝင်(၈)ဦးက JPAC နှင့် အခါအားလျော်စွာတွေ့ဆုံသည့် IMF, World Bank စသည့်အဖွဲ့အစည်းတို့နှင့် တွေ့ဆုံဆွေးနွေးပွဲများကိုလည်း တက်ရောက်ခဲ့ကြပြီး စိစစ်ရေးပူးပေါင်း အဖွဲ့များတွင် ပါဝင်၍ ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိပါတယ်။ ကော်မတီဝင် များဟာ ဧည့်သည်တော်များနှင့် တွေ့ဆုံခြင်း (၃)ကြိမ်တွေ့ဆုံခဲ့ပြီး အခမ်းအနားကို (၇၄)ကြိမ် တက်ရောက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှာ ဥပဒေများ ဆွေးနွေး ခြင်း၊ အဆို ဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊ လေ့လာတွေ့ရှိချက်နှင့် အစီရင်ခံစာများ ဆွေးနွေးခြင်းတို့ကို ဖော်ပြပါအတိုင်း ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့များရဲ့ လုပ်ငန်းဆောင်ရွက်ချက် များကို အနှစ်ချုပ် သုံးသပ်ရမယ်ဆိုရင် ကော်မတီအစည်းအဝေး(၁၆)ကြိမ်၊ ဧည့်သည်တော်တွေ့ဆုံခြင်း (၃)ကြိမ်၊ အခမ်းအနားတက်ရောက်ခြင်း(၇၄)ကြိမ်နှင့် JPAC အစည်းအဝေး(၇၀)ကြိမ် တက်ရောက် ခဲ့တာကိုတွေ့ရှိရပြီး ဒီကော်မတီအဖွဲ့ဝင်များဟာ တိုင်းပြည်ရဲ့ဘဏ္ဍာကို စနစ်တကျ စီမံသုံးစွဲရေး အတွက် အစိုးရ၏ ဘဏ္ဍာရငွေ၊ သုံးငွေများအပေါ် မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပြီး တွေ့ရှိချက်များကို အစည်းအဝေးများ ကျင်းပဆွေးနွေးခြင်း ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး ဟန်ချက်ညီရန် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲဖိုရမ်များ၊ အခမ်းအနားများကို ကော်မတီဝင်များအား တက်ရောက်စေပြီး ပြန်လည်မျှဝေခြင်းများဖြင့် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီရဲ့ လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်နေရတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ ငွေစာရင်းကော်မတီအစည်းအဝေးကို (၁၆)ကြိမ်ခန့်သာ ဆောင်ရွက်ခဲ့နိုင်တာကို လေ့လာတွေ့ရှိရ ပါတယ်။

## နိဂုံး

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဟာ ပေးအပ်ထားသော တာဝန်များကို ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်

ဖြစ်ပြီး ဆောင်ရွက်ချက်ကို လွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏အစည်းအဝေး ပြုလုပ်နေသည့် မြင်ကွင်းပုံ (၈၈)



အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ အစည်းအဝေး ပြုလုပ်နေသည့် မြင်ကွင်းပုံ (၈၈-၁)



ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး ပြုလုပ်နေသည့် မြင်ကွင်းပုံ (ဏဏ-၂)



**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၅၁။**

**ဦးမင်းဆွေနိုင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ၊ မိဘပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်

(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့မှ ကော်မတီရဲ့ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပြီးတော့မှ လိုအပ်သည့် နေရာများမှာလည်း Power Point အသုံးပြုခွင့်ပေးပါရန် ကြိုတင် အစီရင်ခံ တောင်းခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်**

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ**

**တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ**

**၁၃-၃-၂၀၁၉**

## နိဒါန်း

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်း အဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၏ ပြန်လည်ဖြေကြားချက်များနှင့် အာမခံချက်၊ ကတိပြုချက်များကို စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ အရ အစီရင်ခံစာပြုစု၍ အမျိုးသားလွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့ သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြား ချက်များအရ ကတိဖြစ်ပေါ်ခဲ့မှု အခြေအနေများကို (၁၁)ကြိမ်မြောက်အစည်းအဝေးတွင် အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ပြီးစီးခြင်း ရှိ/မရှိနှင့် ကတိကဝတ်ပြုခဲ့သော လုပ်ငန်းရပ်များနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော လုပ်ငန်းများ၏အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီခြင်း ရှိ/မရှိတို့ကို ကော်မတီမှ ကွင်းဆင်းစိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာမေးခွန်းရှင် ကိုယ်စားလှယ်များနှင့် ပြန်လည်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းပြီး အကြံဉာဏ်များပေးနိုင်ရန်ဖြစ်ပါသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၀၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၀၂)ခု၊

စုစုပေါင်း(၂၁၈)ခု တင်သွင်းမေးမြန်းခဲ့ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့်အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများအပေါ် ကတိဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန်အတွက် လွှတ်တော်ကော်မတီအဖွဲ့ဝင်များကို အောက်ပါ အဖွဲ့(၆)ဖွဲ့ ဖွဲ့၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည် -

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| ၁။ | <u>အဖွဲ့ (၁)</u><br>ဦးစောချစ်ဦး<br>ဦးကျော်မြင့်ဦး | (၁) အမျိုးသားလွှတ်တော်<br>(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>(၃) ပြန်ကြားရေးဝန်ကြီးဌာန<br>(၄) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>(၅) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| ၂။ | <u>အဖွဲ့ (၂)</u><br>ဒေါက်တာခွန်ဝင်းသောင်း<br>ဦးမင်းဆွေနိုင် | (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>(၂) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>(၃) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>(၄) နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင် သာယာရေးကော်မတီ |
| ၃။ | <u>အဖွဲ့ (၃)</u><br>ဦးပြုံးလွင်<br>ဦးကြည်ဝင်း | (၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန<br>(၂) စက်မှုဝန်ကြီးဌာန<br>(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>(၄) ပညာရေးဝန်ကြီးဌာန<br>(၅) ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>(၆) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်<br>(၇) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ |
| ၄။ | <u>အဖွဲ့ (၄)</u><br>ဒေါ်လွီးဇာ<br>ဦးခင်မောင်လတ် | (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန |

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| | | (၄) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၅။ | <u>အဖွဲ့ (၅)</u><br>ဦးငွန်ပေး<br>ဦးအောင်ဝင်း | (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>(၂) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန<br>(၃) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး<br>(၅) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံး |
| ၆။ | <u>အဖွဲ့ (၆)</u><br>ဦးဝင်းအောင်<br>ဗိုလ်မှူးချုပ်တင်ဆွေ<br>ဒေါ်မြတ်သီတာထွန်း | (၁) နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၂) သမ္မတရုံးဝန်ကြီးဌာန<br>(၃) ပြည်ထဲရေးဝန်ကြီးဌာန<br>(၄) ကာကွယ်ရေးဝန်ကြီးဌာန<br>(၅) နယ်စပ်ရေးရာဝန်ကြီးဌာန<br>(၆) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန<br>(၇) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန<br>(၈) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>(၉) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန<br>(၁၀) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

၄။ ကော်မတီသည် ၂၉-၁-၂၀၁၉ ရက်နေ့၊ ၃၁-၁-၂၀၁၉ ရက်နေ့နှင့် ၇-၂-၂၀၁၉ ရက်နေ့များတွင် ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်၍ အထက်ဖော်ပြပါအတိုင်း အဖွဲ့(၆)ဖွဲ့ ဖွဲ့စည်းကာ စိစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီ၏စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်း၍ ၂၀-၂-၂၀၁၉ ရက်နေ့နှင့် ၂၁-၂-၂၀၁၉ ရက်နေ့များတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ထပ်မံဆွေးနွေး အတည်ပြုနိုင်ခဲ့ပါသည်။

၅။　ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေး အတည်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကတိ ဖြစ်ပေါ် ခဲ့သည့် အတည်ပြုအဆို(၁)ခုအား စိစစ်တွေ့ရှိချက် ရရှိပြီးတော့မှ နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထား ပါသည်။

၆။　ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးပြုလုပ်၍ အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း (၁၀၅)ခုအနက် မေးခွန်း(၆၈)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၃၇)ခုမှာ ကတိဖြစ်ပေါ်ခြင်း မရှိခဲ့ကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

| စဥ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၂ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | ၂ | - | |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၄ | ၂ | ၂ | |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၉ | ၄ | ၅ | |
| ၅ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၇ | ၄ | ၃ | |
| ၆ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၄ | ၁ | ၃ | |
| ၇ | စက်မှုဝန်ကြီးဌာန | ၁ | ၁ | - | |
| ၈ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၂၆ | ၁၉ | ၇ | |
| ၁၀ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၂ | ၈ | ၄ | |
| ၁၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၅ | ၁ | ၄ | |
| ၁၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၂ | ၇ | ၅ | |
| ၁၃ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၂ | ၂ | - | |
| ၁၄ | နေပြည်တော်ကောင်စီ | ၁ | - | ၁ | |
| ၁၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁ | - | ၁ | |
| ၁၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | ၁ | - | |

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၇ | ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ | ၁ | - | ၁ | |
| ၁၈ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၁၅ | ၁၅ | - | |
| | **စုစုပေါင်း** | **၁၀၅** | **၆၈** | **၃၇** | |

၇။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

၈။ ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးပြုလုပ်၍ အတည်ပြုချက်အရ ကြယ်ပွင့်မပြ မေးခွန်း(၁၀၂)ခုအနက် မေးခွန်း(၇၁)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၃၁)ခု ကတိဖြစ်ပေါ်ခြင်း မရှိခဲ့ကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ ရှိရပါသည် -

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြမေး ခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ | - | ၁ | |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | - | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၄ | ၁ | ၃ | |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | - | ၂ | |
| ၅ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | - | ၁ | |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၅ | - | ၅ | |
| ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၂ | - | ၂ | |
| ၈ | စက်မှုဝန်ကြီးဌာန | ၁ | ၁ | - | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၂၈ | ၂၅ | ၃ | |
| ၁၀ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၅ | ၁၂ | ၃ | |
| ၁၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၁ | ၁၀ | ၁ | |
| ၁၂ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန | ၁ | ၁ | - | |

| စဥ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြမေး ခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၃ | နေပြည်တော်ကောင်စီ | ၁ | - | ၁ | |
| ၁၄ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၂၉ | ၂၀ | ၉ | |
| | **စုစုပေါင်း** | **၁၀၂** | **၇၁** | **၃၁** | |

၉။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါသည်။

၁၀။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အစည်းအဝေး(၁၀)ကြိမ်အတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများအနက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အလိုက် ကတိဖြစ်ပေါ်မှုပေါင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည် -

| စဥ် | ဒုတိယအကြိမ် ပုံမှန် အစည်းအဝေး | ကြယ်ပွင့်ပြ မေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| ၆ | ဆဋ္ဌမပုံမှန် | ၃၆ | ၃၂ | ၆၈ | ၂၉ | ၂၇ | ၅၆ | ၁ | - | ၁ | |
| ၇ | သတ္တမပုံမှန် | ၆၁ | ၄၅ | ၁၀၆ | ၁၁၂ | ၇၂ | ၁၈၄ | ၁ | - | ၁ | |
| ၈ | အဋ္ဌမပုံမှန် | ၅၄ | ၃၂ | ၈၆ | ၈၇ | ၃၇ | ၁၂၄ | ၁ | - | ၁ | |
| ၉ | နဝမပုံမှန် | ၅၀ | ၃၇ | ၈၇ | ၈၈ | ၆၆ | ၁၅၄ | ၁ | - | ၁ | |
| ၁၀ | ဒသမပုံမှန် | ၆၈ | ၃၇ | ၁၀၅ | ၇၁ | ၃၁ | ၁၀၂ | ၁ | - | ၁ | |
| | **စုစုပေါင်း** | **၆၃၁** | **၄၃၀** | **၁၀၆၁** | **၆၆၂** | **၄၅၇** | **၁၁၁၉** | **၁၁** | **၄** | **၁၅** | |

၁၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်မှုများမှာ ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၆၃၁)ခု၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၆၆၂)ခုနှင့် အတည်ပြုအဆို(၁၁)ခု ဖြစ်ပါသည်။ ယခင် ပြီးစီးခဲ့သည့် ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း(၉၉)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၉၃)ခုနှင့် အဆို(၁)ခု၊ စုစုပေါင်း(၁၉၃)ခုကို လုပ်ငန်းပြီးစီး၍ ပယ်ဖျက်နိုင်ခဲ့ပါသည်။

၁၂။ ကော်မတီသည် ဒသမပုံမှန်အစည်းအဝေးတွင် ရခိုင်ပြည်နယ်သို့ ကွင်းဆင်းစိစစ်ရန် လျာထားဆောင်ရွက်ပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သော အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အဆိုရှင်၊ မေးခွန်းရှင်များ၊ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ၄-၃-၂၀၁၉ ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ၆-၃-၂၀၁၉ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်လည်းကောင်း နောက်ဆုံး ဆောင်ရွက်ထားမှု အခြေအနေများကို လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းညှိနှိုင်း ဆွေးနွေးနိုင်ခဲ့ပါသည်။

**ကော်မတီမှဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ**

၁၃။ ကော်မတီသည် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ကော်မတီသည် လိုအပ်သည့် နေရာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကွင်းဆင်းစိစစ်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး စိစစ်တွေ့ရှိချက်များကိုလည်း လွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက် တင်ပြသွားမည် ဖြစ်ပါသည်။

(ခ) ကတိ ဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ ခွဲဝေရရှိပြီး လုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကို ကဏ္ဍအလိုက် ခွဲခြားတင်ပြသွားမည် ဖြစ်ပြီးတော့မှ အားနည်းချက်၊ အားသာချက်များကိုလည်း ဆက်လက် အစီရင်ခံသွားမည် ဖြစ်ပါသည်။

(ဂ) ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းအတွင်းမှာ ကတိ ဖြစ်ပေါ်မှုကို ဘဏ္ဍာနှစ် ၂၀၂၀ - ၂၀၂၁ ခုနှစ်အတွင်းသာ ကတိအဖြစ် မှတ်ယူပြီးတော့မှ အဆိုပါနှစ်ထက် ကျော်လွန်သော ကိစ္စရပ်များကို ကတိစာရင်းအဖြစ် မှတ်ယူမည် မဟုတ်ဘဲနဲ့ အကြောင်းကြောင်းကြောင့် ကျန်ရှိနေပါက ဆက်လက် လွှဲပြောင်းပေးနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဃ) ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ စတင်၍ ကတိ ဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိတဲ့ ကိစ္စရပ်များကို ဥပဒေ၊

လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးအပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ထပ်မံတိုက်တွန်းမှုများ ဆောင်ရွက်ခဲ့ပြီးတော့မှ လာမည့်ပုံမှန်အစည်းအဝေးများမှာလည်း ကတိ ဖြစ်ပေါ်ပြီး ဆောင်ရွက်ရန် ကျန်ရှိလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဆို၊ မေးခွန်းရှင်များ၊ ကိုယ်စားလှယ်များနှင့် ကော်မတီမှ ဦးဆောင်ကာ ဆက်လက်ဆွေးနွေး၍ တိုက်တွန်းမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကော်မတီ၏သုံးသပ်အကြံပြုချက်**

၁၄။ ကော်မတီသည် အောက်ပါအတိုင်း သုံးသပ်အကြံပြုပါသည်-

(က) ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းရာတွင် မိမိသိရှိလိုသည့် အချက်များကိုသာ မေးမြန်းပေးရန်နှင့် ပြန်လည်ဖြေကြားသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို လိုရင်းကိုသာ တိတိပပ ဖြေကြားပေးရန် ဖြစ်ပါသည်။

(ခ) မေးခွန်းရှင် ကိုယ်စားလှယ်များမှလည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဖြေကြားချက်များကို သေသေချာချာ မှတ်သားပြီးတော့မှ မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ကွဲလွဲမှုများရှိပါက မိမိတို့ ကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ အသိပေးနိုင်ရန် အကြံပြုအပ်ပါသည်။

(ဂ) မိမိတို့ကော်မတီမှ သက်ဆိုင်ရာ နယ်မြေဒေသများသို့ ကွင်းဆင်းစိစစ်သည့်အခါတွင် မေးခွန်းရှင်များ မေးမြန်းထားသည့် မေးခွန်းနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှု လုပ်ငန်းစဉ် နောက်ဆုံးအခြေအနေအား ကော်မတီသို့ ညှိနှိုင်း အသိပေးနိုင်ပါရန်နှင့် ကွင်းဆင်းစိစစ်သည့် နေရာမှာလည်း လိုက်ပါဆောင်ရွက် အကြံပြုပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

(ဃ) အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှလည်း ကတိ ဖြစ်ပေါ်ခဲ့မှုများအား လွှတ်တော်တွင် လာရောက် ဖြေကြားသည့်အတိုင်းနှင့် ကြယ်ပွင့်မပြ မေးခွန်းများအတွက် တရားဝင်စာဖြင့် ပေးပို့ဖြေကြားထားသည့် ကတိကဝတ်အတိုင်း အမှန်တကယ် မြေပြင်တွင် ဆောင်ရွက်ရာတွင်လည်း ကွဲလွဲမှု မရှိစေရန် အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၁၅။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကော်မတီသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိ ဖြစ်ပေါ်ခဲ့ပြီးတော့မှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေး အကြံပြု တင်ပြခဲ့ပြီး ဖြစ်ပါသည်။ လွှတ်တော် အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျောက်

ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက် ပိုမို၍များပြားလာသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည်ကိုလည်း တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကတိ ဖြစ်ပေါ်ပြီး အဆို၊ မေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် လိုအပ်သောနေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းလေ့လာမှုများအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊<br>ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

၄.၃.၂၀၁၉ ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး မြင်ကွင်းပုံ (တတ)



၄.၃.၂၀၁၉ ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး မြင်ကွင်းပုံ (တတ-၁)



၄.၃.၂၀၁၉ ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး မြင်ကွင်းပုံ (တတ-၂)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၅:၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၅း၀၂ နာရီ အချိန်တွင် ရပ်နားပါသည်။]